# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၁)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ၁၁-၉-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစီမံကိန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ပင်လယ်ကူးသင်္ဘောဝန်ထမ်းများ လေ့ကျင့်သင်ကြားရေးနှင့် အလုပ်အကိုင်ရရှိရေး၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးနှင့် နည်းပညာမျှဝေရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ သတင်းစဉ်

## မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်

နေပြည်တော် စက်တင်ဘာ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေပါသည်။

**ထူးခြားသည့်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန်(၁၈း၃၀)နာရီအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော လေပွေလိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် အနောက်မြောက်ပိုင်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ခါကျက်ဥပေါက်ဖများ တစ်ပတ်သုံးကြိမ်စားသုံးပါက အရေပြားကျန်းမာရေးနှင့် ကိုယ်ခံအားတိုးတက်မည်
စာမျက်နှာ ၇

စစ်ကိုင်းခရိုင်တွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာကို ၁၀၀၈၈၄၇ ဧက စိုက်ပျိုးသွားမည်
စာမျက်နှာ ၁၂

ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပွဲနုဆီချော ထုတ်လုပ်သွားမည်
စာမျက်နှာ ၁၃



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၁၉) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး နေ့စဉ်

## လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် MSME လုပ်ငန်းများ အပါအဝင် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ခေတ်မီဆန်းသစ်သည့် နည်းပညာများကို အရည်အသွေး ပြည့်မီစွာအသုံးချနိုင်မည့် လူငယ်ပညာရှင်များ ပျိုးထောင်ပေးနိုင် ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင် ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ သည်။

ယနေ့ခေတ် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်လျက်ရှိပြီး Fourth Industrial Revolution (IR 4.0)သည် ဖွံ့ဖြိုးတိုးတက် မှုအခွင့်အရေးများနဲ့အတူ စိန်ခေါ်မှုများကိုပါ ယူဆောင်လာကြောင်း။ ထို့ကြောင့် ခေတ်မီနည်းပညာများကို အမှန်တကယ် ကျွမ်းကျင်ကာ စံနှုန်းများပြည့်မီသည့် နည်းပညာရှင်အရင်းအမြစ်များကို ပြုစုပျိုး ထောင်ရန်လိုအပ်လာပါကြောင်း။ သင်တန်းတွင် ပူးပေါင်းဆောင် ရွက်ကြသည့် ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် မဲခေါင် ဒေသတွင်း နိုင်ငံများမှ သင်တန်းသားများကိုလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း။ သင်တန်းတွင် Industrial Internet of Things (IIoT) နှင့် Automation Technology များနှင့်စပ်လျဉ်း၍ နည်း ပညာ ကျွမ်းကျင်မှုများအပြင် ဆန်းသစ်သည့် အတွေးအမြင်များကို သင်ယူရုံသာမက အချင်းချင်းရင်းနှီးပွင့်လင်းစွာ ဖလှယ်နိုင်မည်ဟု ယုံကြည်ပါကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ က စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်း ကျောင်း၌ ကျင်းပသော မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက် မှုစီမံကိန်းဆိုင်ရာ Skills Dissemination Training on Industrial Internet of Things (IIoT) နှင့် Automation Technology သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား နှင့် သင်တန်းဆိုင်ရာ အကျဉ်းချုပ်အချက်အလက်များကို ရှင်းလင်း တင်ပြကြပြီး သင်တန်းဆရာများက မိတ်ဆက်စကားများ ပြောကြား သည်။ သင်တန်းကာလမှာ စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက် နေ့အထိ ဖြစ်သည်။

သို့ဖြစ်ရာ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့ အကြား ပူးပေါင်းဆောင်ရွက်မှုသည် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် ဗဟုသုတများ တန်းတူမျှဝေနိုင် ရေး၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး၊ ဇျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးမြှင့်တင်နိုင်မှုတို့အတွက် အရေးပါကြောင်း ရေးသားလိုက်ရပေသည်။

## (၁၄၁)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မိတ္ထီလာ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ (၁၄၁)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီ တော်ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ ရိုးရာ လောင်းလှေပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါစေတီတော် မုခ်ဦးနှင့် ဆုပေးမဏ္ဍပ်တွင်ကျင်း ပခဲ့သည်။

ဖွင့်ပွဲအခမ်းအနား မကျင်းပ မီ သမိုင်းဝင်ဖောင်တော် ဦးစေ တီတော်နှင့် ကရဝိက်တန်ဆောင်း မှန်ကျောင်းအတွင်း၌ ပင့်ဆောင် ကိုးကွယ်သည့် စကြာမုနိကြေး သွန်းရုပ်ပွားတော်မြတ်တို့အား ဗုဒ္ဓါဘိသေကအနေကဇာတင် လှူခြင်းအား နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရေလည် ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တလာဘဝ အပါ အဝင်ပင့်သံဃာတော် ၁၀ ပါးတို့ က ဆောင်ရွက်တော်မူကြသည်။

ထို့နောက်ပင့်သံဃာ ၁၀ပါး တို့အား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင် များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ညိုနှင့် အလှူရှင်များ က ဆက်ကပ်လှူဒါန်းကြပြီး ရေ စက်ချတရားတော်များနာယူကြ သည်။ ဆက်လက်၍ (၁၄၁) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော် ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့ နောက်မြန်မာ့ရိုးရာလောင်း လှေ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဆုပေး မဏ္ဍပ်တွင်ကျင်းပရာ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့် အမှာစကားပြောကြားပြီးနောက် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ အထူးပွဲများကို ကျင်းပခဲ့သည်။

သမိုင်းဝင်ဖောင်တော်ဦးစေ တီတော် ဗုဒ္ဓပူဇနိယပွဲတော်အား စက်တင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက် စွာ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ ရိုးရာလောင်းလှေပြိုင်ပွဲကို စက် တင် ဘာ ၁၁ ရက်မှ ၁၇ ရက် အထိ ကျင်းပမည်ဖြစ်သည်။ အကြီးတန်း အမျိုးသားအသင်း ၆ သင်း၊ အငယ်တန်းအမျိုးသား အသင်း ၂၀ သင်း၊ အမျိုးသမီး အသင်း ၅ သင်း စုစုပေါင်းပြိုင်ပွဲ ဝင်လှေအသင်း ၃၁ သင်း ပါဝင် ယှဉ်ပြိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၃)

၀-၀-၀-၀-၀

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဟောပြော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



**မန္တလေး စက်တင်ဘာ ၁၀**

၂၀၂၄ ခုနှစ်အတွင်း ဆောင် ရွက်သွားမည့် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာ ရင်းကောက်ယူခြင်း အသိပညာ ပေးဟောပြောပွဲနှင့် ပန်းခင်း(၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေး ခြင်းကို ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ယနေ့ နံနက်ပိုင်းက အမှတ်(၅) အခြေခံ ပညာအထက်တန်းကျောင်းတွင် ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဝေယံမင်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦး ဝေလင်းနှင့် ဝန်ထမ်းများ၊ ကျောင်း အုပ်ဆရာမကြီးနှင့် ကျောင်း သား၊ ကျောင်းသူများ၊ ကျောင်း သားမိဘများ တက်ရောက်ခဲ့ကြ သည်။

(အပေါ်ပုံ)

လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက် ယူခြင်း အသိပညာပေးဟောပြော ပွဲတွင် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီး မှူး ဦးဝေလင်းက သန်းခေါင်စာ ရင်းကောက်ယူခြင်း၏ အဓိပ္ပာယ် နှင့် ရည်ရွယ်ချက်များ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက် ယူခြင်း ဆောင်ရွက်မည့်ကာလ နှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ် များ၊ သန်းခေါင်စာရင်းကောက် ယူနိုင်ရေးအတွက် လူထုအသိပညာ ပေးလုပ်ငန်းများ ကြိုတင်ဆောင် ရွက်မှုများ၊ လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာ ရင်းကောက်ယူရာတွင် ပါဝင်မည့် အချက်အလက်များ၊ သန်းခေါင် စာရင်းကောက်ယူရာတွင် စာရင်း ကောက်များ လိုက်နာရမည့်အချက် များနှင့် ပြည်သူများပူးပေါင်းဆောင် ရွက်ရမည့်အချက်များကို အကျယ် တဝင့်ရှင်းလင်း ဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင် များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း အသိပညာပေး ဟောပြောခြင်းနှင့်အတူ ရပ်ကွက် နေပြည်သူများအား ပန်းခင်း(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ၂၁၅ ကတ် ဆောင်ရွက် ပေးခြင်း၊ Biometric Uid ကိုယ် ရေးအချက်အလက်များ တစ်ပါ တည်း ကောက်ခံဆောင်ရွက်ပေး ခြင်းများကို ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့်အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် (၉)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပပြုလုပ်သည့် (၉)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ခိုင်က Russia-ASEAN Business Dialogue အစီအစဉ်တွင် ပါရှိသည့် New contours of International cooperation ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက Cooperation In Greater Eurasia အစီအစဉ်တွင် ပါရှိသည့် Experience of Developing Production Chains in The EAEU, SCO And BRICS ခေါင်းစဉ်ဖြင့် လည်းကောင်း Panelist များအနေဖြင့် တက်ရောက် ဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးပွဲများသို့ တက်ရောက်ကြသည်။

ဖိုရမ်ကာလအတွင်း သီးခြားတွေ့ဆုံမှုများ အနေဖြင့် စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Rosatom Renewable Energy Joint-Stock Company မှ General Director Mr. Grigory Nazarov ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံပြီး မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေး ဒုတိယဝန်ကြီး Mr. Alexsei Gruzdev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံပြီး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များ၊ ဆေးဝါးထုတ်လုပ်ရေးနှင့် အခြားစက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် (၉)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum-Plenary Session) သို့ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားခဲ့ပြီး နိုင်ငံတကာစီးပွားရေးဖိုရမ်၏ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသည်။ တရုတ်နိုင်ငံ ဒုတိယသမ္မတ Mr. Han Zheng နှင့် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Anwar Ibrahim တို့က ဆွေးနွေးဖက်များအဖြစ် ပါဝင်ဆွေးနွေးသည်။ သမ္မတပူတင်အနေဖြင့် ဒေသတွင်းစွမ်းအင်နှင့် ပို့ဆောင်ရေးအခြေခံအဆောက်အအုံ ကဏ္ဍများကို မြှင့်တင်ရန် အရေးကြီးကြောင်း၊ စက်မှုကဏ္ဍနှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် လျှပ်စစ်ဓာတ်အားပံ့ပိုးမှုကို ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Trans-Siberian Railway နှင့် the Baikal-Amur Mainline ကဲ့သို့သော ပို့ဆောင်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း၊ အနာဂတ်တွင် အာရှနှင့် ဥရောပတို့အကြား သင်္ဘောပတ်လမ်းကြောင်းအဖြစ် မြောက်ဘက်ပင်လယ် ရေလမ်းကြောင်းမှာ များစွာအရေးကြီးလာမည်ဟု ရှုမြင်ထားကြောင်းနှင့် အဆိုပါ စီမံကိန်းများအနေဖြင့် အာရှဒေသနှင့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုလမ်းကြောင်း (Logistics Corridors) များပိုမိုချိတ်ဆက်နိုင်ပြီး တိုးတက်ကောင်းမွန်လာစေမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။



စက်တင်ဘာ ၆ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၏ ဖက်ဒရယ်စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာသိပ္ပံစင်တာလက်အောက်ရှိ ပရီမော့စကီး စိုက်ပျိုးရေးသုတေသနသိပ္ပံသို့ သွားရောက်လေ့လာခဲ့ရာ ဇီဝနည်းပညာ သိပ္ပံစင်တာ၏ ဒါရိုက်တာဖြစ်သူ Mr. Aleksei Nikolaevich က ကြိုဆိုနှုတ်ခွန်းဆက်ပြီး သုတေသနသိပ္ပံဖြစ်ပေါ်လာသည့် သမိုင်းကြောင်း၊ သီးနှံများနှင့်သက်ဆိုင်သော သုတေသနများအပြင် မြေဆီလွှာဆိုင်ရာ သုတေသန၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းနှင့် သက်ဆိုင်သော သုတေသန၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော သီးနှံမျိုးများထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သော မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနများ ဆောင်ရွက်နေသည့် အခြေအနေများ၊ အာလူး၊ စပါး၊ ဂျုံ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း စသည့် သီးနှံများ၏ အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ခြင်းကို ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး သုတေသန စိုက်ခင်းများသို့ လိုက်လံပြသရာတွင် ရုရှားနိုင်ငံအရှေ့ဖျားဒေသ၌ စိုက်ပျိုးနိုင်သည့် စပါးမျိုးများနှင့် အခြားသီးနှံများ သုတေသနပြုစမ်းသပ်စိုက်ပျိုးထားမှု အခြေအနေကို လိုက်လံရှင်းလင်းပြသသည်။




ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Is-Kander Azizov နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာဟာရီရှ်ချန်ဒရာဂီမီရေးအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-နီပေါနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၀

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားမှုတို့ဖြင့် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးကိစ္စရပ်များ၊ Shanghai Cooperation Organization (SCO)အဖွဲ့ဝင် နိုင်ငံများနှင့် ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံ ဆေးတက္ကသိုလ်များနှင့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးတက္ကသိုလ်များအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်လေ့ကျင့်ရေးသင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး သင်တန်းပို့ချခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နှလုံးဆေးပညာနှင့် နှလုံးသွေးကြောခွဲစိတ်မှု လုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းကိုအခြေခံ၍ ကျန်းမာရေး



စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ သတင်းစဉ်

# ပုပ္ပားတောင်ဒေသအား နိုင်ငံတကာအသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်အဖြစ် အသိအမှတ်ပြုခံရရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၀

အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ (၁/၂၀၂၄) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ကော်မတီအဖွဲ့ဝင်ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေး အလားအလာကောင်းများ အများအပြားရှိသည့်အနက် ပုပ္ပားတောင်ဒေသသည် အလားအလာ အကောင်းဆုံးဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ပုပ္ပားတောင်အမျိုးသား ဘူမိဥယျာဉ်ကို သတ်မှတ်ကြေညာပြီး ဖြစ်ကြောင်း၊ ၎င်းအား နိုင်ငံတကာ အသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်အဖြစ် အသိအမှတ်ပြုခံရရေးအတွက် ယူနက်စကိုသို့ စာရင်းတင်သွင်းရာတွင် သဘောသဘာဝမတူညီသော ဘူမိနယ်မြေများလေ ပိုကောင်းလေဖြစ်သော



ကြောင့် တိကျသော နယ်နိမိတ်အဝန်းအတွင်း နောက်ထပ် ဘူမိနယ်မြေအသစ်များကို ဆက်လက်ဖော်ထုတ်ရာ ကနဦးဘူမိနယ်မြေ ၁၅ ခုနှင့် ဖွဲ့စည်းပြီး ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို အဆိုပြုနယ်မြေ ၁၅ ခုဖြင့် ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေး အကောင်အထည်ဖော်ရာတွင် ကော်မတီဝင်များက ကဏ္ဍအလိုက် တာဝန်ခွဲဝေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရပါက မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့နိုင်ငံများက ပိုမိုသိရှိလာပြီး ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုသမိုင်း၊ ဇီဝမျိုးစုံမျိုးကွဲ သဘာဝအလှတရားများ တစုတစည်းတည်းကို ဘူမိဥယျာဉ်တွင် တွေ့ရှိရမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်သတ်မှတ်နိုင်ရန် စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် ကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကော်မတီအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းတိုးတက်မှုကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး-၁ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဆိုပြုဘူမိနယ်မြေ ၁၅ ခု သတ်မှတ်ဖွဲ့စည်းနိုင်ရေးနှင့် ရန်ပုံငွေသုံးစွဲမည့် အစီအစဉ်ပြင်ဆင်နိုင်ရေးကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး-၂ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယူနက်စကို တစ်ကမ္ဘာလုံးဆိုင်ရာ စိစစ်ရန်အချက် ၁၀၁ ချက် အကောင်အထည်ဖော်ရာတွင် ကော်မတီအဖွဲ့ဝင်များ၏ တာဝန်ခွဲဝေမည့် အစီအစဉ်များကိုလည်းကောင်း မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း Geopark ကော်မတီဥက္ကဋ္ဌက UNESCO Global Geopark Management ဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဆုံးဖြတ်ကြသည်။

သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့တော်သန့်ရှင်းသပ်ရပ်သာယာလှပရေး အထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ရေနုတ်မြောင်းများနှင့် အဓိကမြောင်းမကြီးများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြို့တော်စည်ပင်ဌာနများစုပေါင်း၍ အပတ်စဉ် အင်္ဂါနေ့ တိုင်း အထူးသန့်ရှင်းရေးလုပ်ငန်းများကို အဓိကလမ်းမကြီးများတွင် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ၆၂ လမ်းမကြီးတစ်လျှောက်နှင့် ၃၅လမ်းမကြီးတစ်လျှောက်တို့ရှိ သတ်မှတ်နေရာအလိုက် အထူးသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်နေမှုကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကျော်ဆန်း လှည့်လည်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ အောင်မြေသာစံမြို့နယ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်ရှေ့ ၆၂လမ်းမကြီးတစ်လျှောက်နှင့် ၂၃ လမ်း၊ ၆၂လမ်းမှ ၆၆လမ်းကြားတို့တွင် သန့်ရှင်းရေးဌာနလုပ်သားများက လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းစာနှင့် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းနေမှု၊ နိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းပတ်ဝန်းကျင် လမ်းဘေးရှိ ချုံနွယ်ပေါင်းမြက်ပင်များအား မြက်ဖြတ်စက်များအသုံးပြု၍ ရှင်းလင်းနေမှု၊ ကျောင်းရှေ့မျက်နှာစာ ပလက်ဖောင်းတစ်လျှောက်ရှိ အပင်အခက်အလက်များအား မြေပြင်မှ အမြင့် ၁၀ ပေခန့်တစ်ညီတည်းဖြစ်စေရန် ပုံသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ယမန်နေ့ ညပိုင်းက ရွာသွန်းခဲ့သည့် မိုးရေ များ လမ်းပေါ်တွင် ရေဝပ်၊ ရေလျှံမှုများ မရှိအောင် လမ်းဘေးရေထွက်ပေါက်များ မြင့်နေသည့်နေရာများကို ရေစီးဆင်းမှုကောင်းအောင် လမ်းတံတားဌာနမှ ပြုပြင်ပေးရန်၊ မြောင်းများတွင် ပိတ်ဆို့နေသည့် အမှိုက်သရိုက်များကို အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးရန်နှင့် ၆၂လမ်းမကြီးတစ်လျှောက်လမ်းဘေး ဝဲ၊ ယာတွင် လမ်းမကြီးပေါ်သို့ မိုးနေသည့် သစ်ကိုင်းများအား အလင်းဖွင့်ရှင်းလင်းပေးရန်တို့ကို သက်ဆိုင်ရာ ဌာနမှူးများနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့အား မှာကြားခဲ့သည်။





ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၆၂ လမ်းနှင့် ၂၈လမ်းဆုံနေရာတွင် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန လုပ်သားများက အမြင့်တင်ကရိန်းကား အသုံးပြု၍ လမ်းဘေး ဝဲ၊ ယာအပင်ကြီးများ၏ သစ်ခက်သစ်ကိုင်းများကို သစ်ပင်ဖြတ်စက်အသုံးပြု၍ အလင်းဖွင့် ရှင်းလင်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်နှင့် အဖွဲ့သည် လမ်း ၃၀ တစ်လျှောက်နှင့် ၃၅ လမ်းမကြီးတစ်လျှောက် မိုးရွာသွန်းမှုကြောင့် မိုးရေများ လမ်းများပေါ်၌ ရေဝပ်၊ ရေလျှံမှုများ မရှိစေရေးအတွက် လမ်းနဘေးရေထွက်ပေါက်များ ၁ ပေ အကျယ်ဖောက်လုပ်ခြင်း၊ ရေဝပ်ဧရိယာမရှိစေရေး ရေမြောင်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေခြင်းကို လည်းကောင်း၊ ၃၅လမ်းအရှေ့မြို့ပတ်လမ်းမကြီးမှ လမ်း၆၀ အထိ လမ်းဘေး ဝဲ၊ ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ခြင်းရှိ၊ မရှိလိုက်လံစစ်ဆေး၍ ရေဆင်းကောင်းအောင်ဆောင်ရွက်ခြင်း မြောင်းများအတွင်း အမှိုက်များ ပိတ်ဆို့မှုအား ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ ၁၀၂(A)လမ်းမှ အား/ကာသီပွဲအထိလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် (A-1)လမ်းတစ်လျှောက် ၇၃ လမ်းမှ (ရန်-မန်း)လမ်းအထိလည်းကောင်း မြို့နယ်အလိုက် အထူးသန့်ရှင်းရေးစုပေါင်း ဆောင်ရွက်ခဲ့ကြပြီးလုပ်ငန်းများကို မြို့တော်စည်ပင်သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ အခွန်ဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ လမ်းတံတားဌာန၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတို့မှ ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ ကြီးကြပ်၍ တစ်မြို့နယ်လျှင် ဝန်ထမ်း ၅၀ ဦးနှုန်းဖြင့် အထူးသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀



- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။



# မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ခရိုင်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲများ ညှိနှိုင်းဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မန္တလေးမြို့ပေါ်ရှိ ခရိုင်နှင့် မြို့နယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ လမ်း ၇၀၊ ၂၇ လမ်းနှင့် ၂၈လမ်းကြားရှိ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်ကြက်ခြေနီကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ အတွင်းရေးမှူးများ တက်ရောက်ကြသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနား ကျင်းပရေး၊ တက္ကသိုလ်၊ ကောလိပ်လူငယ်ကြက်ခြေနီအသင်းဝင်များ ရရှိရေးဆောင်ရွက်ရန်၊ ခရိုင်နှင့် မြို့နယ်များ Contingency-plan ရေးဆွဲရန်၊ ခရိုင်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များဖွဲ့စည်းပုံနှင့်အင်အားစာရင်းများမှန်ကန်စွာပြုစုရန်တို့ကိုညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

၀-၀-၀-၀

# မြန်မာစကား ထူးခြားဆန်းကြယ် ပရိယာယ်ကြွယ်

ယခင်မှ ယနေ့ မျက်မှောက်ကာလတိုင်အောင် ကမ္ဘာသူ၊ ကမ္ဘာသားတိုင်း တစ်ဦးနှင့်တစ်ဦး စကားပြောကြသည်။ စားဝတ်၊ နေရေး၊ လူမှုရေးတွင် စကားဖြင့် ဆက်သွယ်လျက် နေ့စဉ် လူ့ဘဝခရီးကို ဖြတ်သန်းနေကြရသည်။ ကိုယ့်ဘာသာ၊ ကိုယ့်စကားကို အသုံးပြုလျက် လူမှုတာဝန်များ ထမ်းဆောင်နေကြသည်။

မြန်မာနိုင်ငံတွင်လည်း မြန်မာမိဘဘိုးဘွားများသည် သားစဉ်မြေးဆက်၊ ဥမကွဲ သိုက်မပျက် နေထိုင်နိုင်ရေး၊ မြန်မာပြည်ကြီးကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီးသွေးစည်းရေး၊ တိုင်းရင်းသားပြည်သူများ ညီညွတ်ရေးကို အရင်းတည်၍ မြန်မာနိုင်ငံဖွား ပြည်ထောင်စုတိုင်းရင်းသားများအတွက် စကားပြောဆိုသုံးစွဲမှုကို ဆိုဆုံးမခဲ့ကြသည်။

ယနေ့ မျက်မှောက်ကမ္ဘာတွင် အင်တာနက်ခေတ် ရောက်လာပြီး အွန်လိုင်းဖြင့် အသုံးပြု၍ လူအချင်းချင်း ဆက်သွယ်၍ ဘဝခရီးစဉ်ကို ဖြတ်သန်းနေကြပါသည်။

မည်သို့ပင်ဆိုစေ မြန်မာစကားသည် ထူးခြားဆန်းကြယ်၍ စကားပရိယာယ်ကြွယ်ဝကြောင်း၊ လေးနက်ခိုင်ခံ့ကြောင်း သုံးသပ်ဆင်ခြင်မိသည်။

ကမ္ဘာသူ၊ ကမ္ဘာသားတိုင်း စကားနှင့်မကင်းကြပါ။ အိမ်တွင်းရေး၊ ရပ်ရေး၊ ရွာရေး၊ တိုင်းရေးပြည်ရေး၊ လူမှုရေးတို့တွင် စကားဖြင့် ပြောဆိုကြရသည်။ စာပေရေးသားမှုသည်ပင် အသံတိတ်စကားပြောဆိုမှုဟု ဆိုနိုင်သည်။

နိုင်ငံတကာ ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် ဗီဒီယိုကလစ် အွန်လိုင်းစနစ်ဖြင့် ချိတ်ဆက်ပြောဆိုနေမှုများကဲ့သို့ မြန်မာနိုင်ငံမှ အကြီးအကဲများသည်လည်း ပြည်သူသို့ သတင်းမျိုးစုံထုတ်လွှင့်ပြောဆိုနေကြောင်း သိမှတ်ရသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် စကားကို အနက်အဓိပ္ပာယ်ရှိသော ပြောဆိုချက်၊ ဆိုရိုးစကား၊ လက်သုံးစကား၊ တရားရုံးတွင် တရားလို၊ တရားခံတို့ တင်ပြသော အဆိုအမိန့် ရိုးရိုး၊ သာမန်ပြောဆိုချက်အားလုံး သို့မဟုတ် လူမျိုးတစ်မျိုး သို့မဟုတ် လူမျိုး၏ အစိတ်အပိုင်းတစ်ရပ်၊ ပြောဆိုသုံးစွဲနေသော အနက်ရှိ နှုတ်မြွက်သံအပေါင်း၊ ဘာသာထုတ်ဖော် ပြောဆိုသောအကြောင်းဟူ၍ အနက်ဖွင့်ထားသည်။

ပုဂံခေတ်က ရှင်ဒိသာပါမောက္ခဆရာတော်သည် ဘုရင့်ကိုယ်စား တရုတ်ပြည်သို့သွား၍ စစ်ပြေငြိမ်းရန် စကားဆိုခဲ့သည်။

အင်းဝခေတ်က စကြိုသူမြတ်သည် မွန်ဘုရင်ရာဇာဓိရာဇ်ထံသို့ သွားရောက်တွေ့ဆုံပြီး စစ်မက်မဖြစ်ပွားရေးအတွက် မေတ္တာစာရေးသား၍ ပြောကြားခဲ့ဖူးသည်။ ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာဆုံးမစာတွင် "အစ်ကိုကြီးအား၊ ညီငယ်များသည်၊ စကားနှုတ်ဆက်ဖက်၍မဆို၊ ရိုသေလှစေ၊ ကိုကြီးအစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့၊ မှတ်ပါလေ။ တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ" ဟူ၍ ရေးဖွဲ့ခဲ့သည်။

ကန်တော်မင်းကျောင်းဆရာတော်က လောကသာရပျို့တွင် "အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပွဲပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းအသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွှင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကို၌၊ တည်စေမင်း" ဟူ၍ ထုံးဖွဲ့ခဲ့သည်။

စာဆိုတော် စိန္တကျော်သူ ဦးသြ၏ သြဝါဒထူးပျို့တွင် "ရှေ့ဖြစ်နောက်ထား၊ စကားဆိုလျှင်၊ မမာတင်းနှင့်၊ အတင်းကြီးလစ်၊ ပြတ်သည်ဖြစ်၏" ဟူ၍ မာမာတင်းတင်းပြောလျှင် ခင်မင်ရင်းနှီးမှု ပြတ်တောက်နိုင်ပုံ သိရသည်။

တွင်းသင်းမင်းကြီး မဟာစည်သူ၏ ကြောက်ကြီး ကိုးလုံးသံပေါက်ဆုံးမစာတွင် "ကိုယ်နှင့်မတန်၊ စကားလွန်၊ မင်းဒဏ်သင့်မည့်ကြောက်" ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။

အတုလဆရာတော်ခင်ကြီးဖျော်၏ ပုတ္တော်ဝါဒဆုံးမစာတွင် စကားအကြောင်း စာဖွဲ့ပုံမှာ ဆန်းသစ်လှသည်။

"စကားအရာ၊ အဖြာဖြာကို၊ သိသာလှစေ၊ ဆိုတံ့ပေအံ့။

စကားမွေ၊ စကားနောက်၊ စကားလျှောက်၊ စကားထာ၊ စကားသွား၊ စကားလာ၊ စကားညှာ၊ စကားနိုပ်၊ စကားပိတ်၊ စကားလှယ်၊ စကားဖယ်၊ စကားသွေ၊ စကားလေး၊ စကားပေါ့၊ စကားလျော့၊ စကားတင်း၊ စကားသွင်း၊ စကားမြူ၊ စကားချူ၊ စကားခေါ်၊ စကားချော်၊ စကားပျက်၊ စကားဝှက်၊ စကားဖန်၊ စကားထန်၊ စကားနိုပ်၊ စကားရိပ်၊ စကားဖမ်း၊ စကားဆန်း၊ စကားမွေး၊ စကားထွေး၊ စကားလှိုင်း၊ စကားဝိုင်း၊ စကားသာ၊ စကားမှာ၊ စကားငေး၊ စကားမေး၊ စကားလျှောက်၊ စကားနောက်၊ စကားသင်၊ စကားတင်၊ စကားတည်၊ စကားရှည်၊ စကားတို၊ စကားဖို၊ စကားမ၊ စကားလှ၊ စကားပင်၊ စကားနှင်၊ စကားဆုံး၊ စကားရွံ့၊ စကားနိုင်၊ စကားပိုင်၊ စကားပြေ၊ စကားနေ၊ စကားပူ၊ စကားကြွ၊ စကားတတ်၊ စကားနှပ်၊ စကားသိပ်၊ စကားချိပ်၊ စကားသွမ်း၊ စကားချမ်း၊ စကားမှတ်၊ စကားဟပ်၊ စကားလော၊ စကားပြော၊ စကားသွေ၊ စကားသေ၊ စကားရှင်၊ စကားရွှင်၊ စကားအုပ်၊ စကားချုပ်၊ စကားခြောက်၊ စကားချောက်၊ စကားနေ၊ အထွေထွေကို၊ ညီဆွေတပည့်၊ မှတ်လှည့်တို့ပါ၊ သုဘာသိတ၊ ပိယသစ္စာ၊ မွှာအပြား၊ အင်လေးပါးနှင့် ညီသဖြင့်လျှင်၊ ဆိုခွင့်ဆိုရာ၊ အဖြာဖြာကို၊ သေချာလေက၊ ညီသိသအား၊ ထင်ရှားကျော်စောလေအံ့တည်း။" ဟူ၍ သိရှိမှတ်သားရပါသည်။

စကားပြောဆိုသောအခါ အသိနှင့် သတိရှိဖို့ လိုသည်။ "နှုတ်ချိုလျှိုတစ်ပါး၊ နှုတ်ကောင်းလျှင် ပြည်စိုး၊ ခြသေ့်လိုလည်း မဟောက်နှင့်၊ ယုန်လိုလည်း မကြောက်နှင့်၊ မြစ်လိုလည်း မကောက်နှင့်၊ တွင်းလိုလည်း မစောက်နှင့်၊ အပြောမတတ် ဆဲသလိုဖြစ်တတ်သည်။ ချစ်စေလိုသော် ခံတွင်းလက်လေးသစ်၊ မုန်းစေလိုသော် ခံတွင်းလက်လေးသစ်၊ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ၊ နှုတ်ဆိုးအကျိုးပျက်၊ ကြမ်းကျွံသော် နှုတ်ရ၏။ စကားကျွံသော် နှုတ်မရ။ ဆင်ဖွေ၊ မြင်းဖွေထက်၊ လူ၏နှုတ်ဖွေက ပို၍ကြမ်း၏။ နေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်၊ နေ့တိုင်းခုတ်နေလျက်၊ မပြတ်သောဓား၊ နေ့တိုင်းပြောနေလျက်၊ မတတ်သော စကားများစွာ ရှိသည်ဟု မှတ်သားရသည်။

မြန်မာမှုနယ်ပယ်တွင် စကား ခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုဖြို၊ နှစ်ခွန်းဆိုဟု မှတ်သားရသည်။

စကား ခြောက်ခွန်းမှာ

၁။ ဟုတ်လည်းမဟုတ်၊ သူလည်းမနာလို၊ အကျိုးလည်းမရှိ။

၂။ ဟုတ်ကားဟုတ်၏။ သူကား မနာလို၊ အကျိုးလည်းမရှိ။

၃။ ဟုတ်လည်းမဟုတ်၊ အကျိုးလည်းမရှိ၊ သူကားနာလို၏။

၄။ ဟုတ်လည်းဟုတ်၏။ သူကားနာလို၏။ အကျိုးမရှိ။

၅။ ဟုတ်လည်းဟုတ်၏။ အကျိုးလည်းရှိ၏။ သူက မနာလို။

၆။ ဟုတ်လည်းဟုတ်၏။ အကျိုးလည်းရှိ၏။ သူလည်း နာလို၏။

(၅နှင့်၆သာ ပြောဆိုရာ၏။ ၁၊ ၂၊ ၃၊ ၄ ကိုပယ်ရာ၏။)

စကားကြီးဆယ်မျိုးမှာ စကားပြောနည်း ဆယ်မျိုးကို ဆိုလိုသည်။ ယင်းတို့မှာ ရေကူးညာတင်၊ ကောက်ပင်ရိတ်လှီး၊ ရေစီးဖောင်ဆန်၊ အိုးတန်ဆန်ခတ်၊ ဆီပွတ်ကျည်ပွေ့၊ ဆင်ဇေ့ရန်ရှောင်၊ တောင်သူယာခုတ်၊ ကြက်ဆုတ်ခွပ်ပစ်၊ ရေစစ်ကရား၊ ခက်တင်မောင်းနှင်း ပြောဆိုနည်းများ ဖြစ်ကြပါသည်။

**စကားအရာ အင်္ဂါဆယ်ပါး** ရှိပါသည်။

၁။ ကာလဝါဒီ - ပြောချိန်၊ ပြောခွင့်သင့်မှ ပြောဆိုခြင်း။

၂။ ဘူတဝါဒီ - ဟုတ်မှန်သော စကားကိုသာ ပြောဆိုခြင်း။

၃။ ဓမ္မဝါဒီ - တရားနှင့်စပ်သည်ကို ပြောဆိုခြင်း။

၄။ အတ္ထဝါဒီ - အကျိုးနှင့်စပ်သည်ကိုသာ ပြောဆိုခြင်း။

၅။ ပိယဝါဒီ - ချစ်ဖွယ်သောစကားကိုသာ ပြောဆိုခြင်း။

၆။ မိဟိတပုဗ္ဗဘာဏီ - ပြုံးရွှင်ခြင်းကို ရှေးဦးပြု၍ ပြောဆိုနည်း။

၇။ မိတဘာဏီ - မပိုမလွန်ချင့်ချိန်၍ ပြောဆိုနည်း။

၈။ အတိုရိတဝါဒီ - အဆောတလျင် မပြောဆိုခြင်း။

၉။ ပေါရီ - ပြည်ကြီးသူ၊ ပြည်ကြီးသားတို့ လေ့ထုံးစံသို့လိုက်၍ ပြောဆိုခြင်း။ (မြို့ကြီးသူ၊ မြို့ကြီးသားကို ဆိုလိုသည်။)

၁၀။ ဝိသဒဝါဒီ - သန့်ရှင်းသေချာ၊ အက္ခရာ ဌာန်ကရိုဏ်းကျအောင် ပြောဆိုခြင်းဟု သိရသည်။

စကားနှင့်ဆက်နွယ်၍ အောက်ပါအကြောင်းအရာများကို သိရှိရသည်။ စာရေးဆရာ မောင်နေလ၏ မြန်မာဘာသာ မြန်မာစာဆောင်းပါးစာအုပ်၊ စာမျက်နှာ ၁၆၇ တွင် -

စကားနှင့်ဆက်နွယ်၍ စကားကား၊ စကားကောင်း၊ စကားကုန်၊ စကားကမ်းလှမ်း၊ စကားကျ၊ စကားကြီး၊ စကားကျယ်၊ စကားကြီးဆယ်မျိုး၊ စကားကြော၊ စကားကျွံ၊ စကားကြွင်း၊ စကားကြွယ်၊ စကားခေါ်၊ စကားခံ၊ စကားခင်း၊ စကားချီး၊ စကားစပ်၊ စကားခွန်း၊ စကားစ၊ စကားစမြည်၊ စကားစစ်ထိုး၊ စကားစဉ်၊ စကားစပ်၊ စကားဆို၊ စကားဆက်၊ စကားညှပ်၊ စကားတံ၊ စကားတောက်၊ စကားတင်းဆို၊ စကားတင်စီး၊ စကားတောင်း၊ စကားစပ်၊ စကားတို့၊ စကားထာ၊ စကားထစ်၊ စကားတည့်၊ စကားသွက်၊ စကားနိုင်လု၊ စကားနာထိုး၊ စကားနိုက်၊ စကားနှစ်ခွ၊ စကားပေါက်၊ စကားစ၊ စကားပုံ၊ စကားပလ္လင်ခံ၊ စကားပျိုး၊ စကားပျက်၊ စကားပြေ၊ စကားပြောကြေးနန်း၊ စကားပြင်၊ စကားပြန် ဟု ရှိပေသည်။ ထို့အပြင် စကားဖာ၊ စကားဖို၊ စကားမ၊ စကားဖောင်ဖွဲ့၊ စကားဖန်ထိုး၊ စကားမစပ်၊ စကားမေးမရ၊ စကားများ၊ စကားရောသောရော၊ စကားရေဆင်း၊ စကားဝယ်၊ စကားရည်လု၊ စကားရည်လုပွဲ၊ စကားရပ်၊ စကားရိပ်၊ စကားရှင်၊ စကားလက်ဆုံကျ၊ စကားလိမ်၊ စကားလုံး၊ စကားလွန်၊ စကားဝိုင်းဖွဲ့၊ စကားဝှက်၊ စကားသေး၊ စကားသုံး၊ စကားအူပေါက်၊ စကားအိမ်ဖွဲ့၊ စကားဦးသန်းစသော စကားအသုံးများစွာ သိရသည်။

သက်ကြီးစကား၊ သက်ငယ်ကြား၊ မှတ်သားနာယူ၊ သတိမူရန်လိုသည်။ မြန်မာမှုနယ်ပယ်တွင် ရှေးခေတ်က ဘိုးဘွားမိဘတို့သည် သားငယ်၊ သမီးငယ်၊ မြေးငယ်များ လိမ္မာရေးခြားရှိစေရန် ဗြဟ္မစိုရ်တရားလေးပါးကို ညွှန်ပြခဲ့ဖူးသည်။

၁။ မေတ္တာ၊

၂။ ကရုဏာ၊

၃။ မုဒိတာ၊

၄။ ဥပေက္ခာ ဟူသော မြတ်သော အကျင့်တရား၊ စကားများကို ပြောပြကြပါသည်။ မေတ္တာအကျိုး (၁၁)မျိုးကိုလည်း ပြောပြကြပါသည်။

လောကတွင် မစည်ကားအပ်သော အရပ် (၆)ပါးရှိကြောင်း သုတပွားစေပါသည်။

ယင်းတို့မှာ

၁။ ပွဲလမ်းသဘင်

၂။ သေရည်သေရက်ဆိုင်

၃။ တရားရုံး

၄။ လောင်းကစားဝိုင်း

၅။ သုသာန်

၆။ အကျဉ်းထောင် တို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ကြိုတင်မသိမှု ငါးပါးရှိသည်။ ယင်းတို့မှာ

၁။ မည်မျှအသက်ရှည်ရှည်နေရမည်။ မသိရ။

၂။ မည်သည့်အနာရောဂါကျရောက်မည်။ မသိရ။

၃။ သေရမည့်အချိန် မသိရ။

၄။ သေသောအခါ မည်သည့်နေရာတွင် မြှုပ်နှံရမည်။ မသိရ။

၅။ မည်သည့်ဘဝတွင် လားရမည်။ မသိရ။

အားလုံးကိုခြုံငုံ၍ ဆိုရလျှင် လူ့ဘဝဟူသည် မွေးဖွားသည်မှ သေဆုံးချိန်အထိ အခက်အခဲများစွာကို တွေ့ကြုံရင်ဆိုင်ဖြတ်သန်းကြရသည်။ ယင်းသို့ ဘဝခရီးစဉ်တွင် မြန်မာစကားသည် ထူးခြားဆန်းကြယ်၏။ စကားပရိယာယ် ကြွယ်ဝလှပါသည်။ ထိုသို့ကျယ်ဝန်းနက်ရှိုင်းသော မြန်မာ့လူမှုနယ်ပယ်တွင် မြန်မာစာ၊ မြန်မာစကားတို့ဖြင့် အမိမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့အောင် စွမ်းဆောင်နိုင်ကြပါစေဟူ၍ ဆုတောင်းမိပါသည်။

မောင်သန်း(မဟာဝိဇ္ဇာ)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## ခါကျက်ဥပေါက်စများ တစ်ပတ်သုံးကြိမ် စားသုံးပါက အရေပြားကျန်းမာရေးနှင့် ကိုယ်ခံအားတိုးတက်မည်

ခါကျက်ဥတွင်ကင်ဆာရောဂါ၊ နှလုံးနဲ့ သွေးတိုးကို ကာကွယ်ပေးနိုင်သောဓာတ်များပါဝင်သည့်အပြင် ဗီတာမင်အမျိုးမျိုး၊ အမျှင်ဓာတ်၊ ကစီဓာတ်၊ ပိုတက်စီယမ်ဓာတ် အစရှိတဲ့ သတ္တုဓာတ်များလည်း ကြွယ်ဝသဖြင့် နေ့စဉ်အာဟာရအတွက် မရှိမဖြစ် ထည့်သွင်းစားပေးဖို့ လိုအပ်သည်ဟု ဆရာဝန်များက အကြံပြုလေ့ရှိကြသည်။

ထိုခါကျက်ဥစားသုံးခြင်းအကျိုးနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်တက္ကသိုလ်မှ အာဟာရသုတေသီမေရီဟာပါဆင်မွန်း မကြာသေးမီက စူးစမ်းလေ့လာခဲ့သည်။

ထိုသို့လေ့လာရာမှ အထူးသဖြင့် ခါကျက်ဥပေါက်စများကို တစ်ပတ်သုံးကြိမ်စားသုံးပါက အရေပြားကျန်းမာရေးနှင့် ကိုယ်ခံအားတိုးတက်မည်ဖြစ်ကြောင်း အသေးစိတ်ဖော်ထုတ်တွေ့ရှိခဲ့သည်။ ယင်းတွေ့ရှိချက်ကို ၄င်းက ချီကာဂိုမြို့တွင်ကျင်းပသော အမေရိကန်အာဟာရဗေဒအဖွဲ့အစည်းညီလာခံတွင် သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။ (SCI)

## Tomcruise ၏ ဆိုင်ကယ်စတန့်ပြကွက် ကမ္ဘာကျော်ခဲ့

ဟောလိဝုဒ်နာမည်ကျော် မင်းသား တွမ်ခရုစ်သည် ပါရီ အိုလံပစ်ပိတ်ပွဲတွင် ကောင်းကင်မှ အားကစားကွင်းထဲသို့ ဆင်းချလာပြီး အိုလံပစ်အလံယူကာ ကွင်းထဲမှ ဆိုင်ကယ်စတန့်ပြကွက်မှာ ကမ္ဘာကျော် ဖြစ်ခဲ့သည်ဟု ဟောလိဝုဒ် အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါဗီဒီယိုတွင် တွမ်ခရုစ်က ကောင်းကင်မှ အားကစားကွင်းထဲသို့ ဆင်းချလာပြီး အိုလံပစ်အလံယူကာ ကွင်းထဲ၌ ဆိုင်ကယ်စတန့်ပြ၍ လေယာဉ်နှင့် ၂၀၂၈ ခုနှစ် အိုလံပစ်ပြိုင်ပွဲကျင်းပမည့် အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိသို့ ပျံသန်းသွားပြီး လေယာဉ်ပေါ်မှ HOLLY WOOD စာလုံးရေးထိုးထားသည့် Santa Monica တောင်တန်းပေါ် လေထီးနှင့် ခုန်ဆင်းသွားခဲ့သည်။

မြေပြင်ရောက်ပြီးနောက် စက်ဘီးနှင့် အားကစားသမားက တွမ်ခရုစ်ဆီမှ အိုလံပစ်အလံလက်ဆင့်ကမ်းသယ်ဆောင်၍ လော့စ်အိန်ဂျလိကမ်းခြေအရောက် LA28 စာလုံးကြီးနောက်ခံစတိတ်စင်မှ အဆိုတော်များ သီချင်းနှင့် ကြိုဆိုခဲ့ကြသည်ကို တွေ့ကြရ၍ ကမ္ဘာ့ပရိသတ်ကြားရင်သပ်ရှုမော ဖြစ်ခဲ့ကြရသည်။

တွမ်ခရုစ်စီးသော ဆိုင်ကယ်မှာ Harley Davidson Live Wire S2 Delmar ဖြစ်ပြီး အီလက်ထရစ်မော်တော်ဆိုင်ကယ်ဖြစ်ကာ အမေရိကန်ဒေါ်လာ ၁၅၅၀၀ ဖြစ်၍ ပိုစိတ်ဝင်စားခဲ့ကြသည်။ (SKY)

## Park Bo Gum ကို Wonderland နှင့် မျက်လုံးသရုပ်ဆောင်မှု ချီးကျူးခံရ




သရုပ်ဆောင်ပတ်ဘိုဂန်းနှင့် ဘေးဆူဇီတို့ ပါဝင်ထားသည့် Wonderland ဇာတ်လမ်းနှင့် မျက်လုံးသရုပ်ဆောင်ချက်ကောင်းမွန်လွန်းသည့် ပတ်ဘိုဂန်းကို ပရိသတ်ချီးကျူးထားကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နက်ဖလစ်၏ အဆိုပါဇာတ်လမ်းတွဲနှင့် ပတ်ဘိုဂန်းနှင့် ဘေးဆူဇီတို့ သရုပ်ဆောင်မှုကို လူကြိုက်များခဲ့ရာမှ အချိန့်၂၆မိနစ်ကျော်လောက်နှင့် ပတ်ဘိုဂန်း၏ မျက်လုံးနှင့်စကားပြောသွားသော သရုပ်ဆောင်မှုများမှာ ပရိတ်သတ်ကြား ရေပန်းစားခဲ့သည်။

ခံ့ညားချောမောသော ပတ်ဘိုဂန်း၏ အကောင်းမွန်ဆုံး မျက်လုံးသရုပ်ဆောင်မှုများကြောင့် ပရိသတ် တစ်ခုတရ ချီးကျူးထားကြကာ၊ သရုပ်ဆောင်စွမ်းရည်မြင့်မားသည့် ပတ်ဘိုဂန်းကို လက်တွေ့သမားတစ်ဦးအဖြစ်လည်း မြင်တွေ့ကြရဦးမည် ဖြစ်သည်။ (SKY)

## Kriti Sanon က မွေးနေ့တွင် ချစ်သူကို ကြေညာခဲ့

ဟောလိဝုဒ်အနုပညာရှင် ကရီသီးဆာနွန်သည် သူ့မွေးနေ့တွင် ချစ်သူကိုထုတ်ပြ၍ ကြေညာခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။



အသက် ၃၄ နှစ်နှင့် ကရီသီးဆာနွန်သည် မွေးနေ့တွင် ချစ်သူကဘီးရ်နှင့်အတူ ဂရိနိုင်ငံ ရောက်ရှိနေပြီး ကမ်းခြေတွင် အပန်းဖြေနေသော ဗီဒီယိုများကို မျှဝေ၍ ချစ်သူကို ထုတ်ပြကြေညာထားသည်။

ကရီသီးဆာနွန်၏ချစ်သူကဘီးရ်မှာ လန်ဒန်အခြေစိုက် စီးပွားရေးသမားတစ်ဦးဖြစ်ပြီး ချစ်သူဘဝ သုံးနှစ်တာကို လျှို့ဝှက်ထားခဲ့ကြကာ ယခင်ကလည်း အတူတွဲ၍ စားသောက်ဆိုင်၊ ပါတီပွဲများတွင် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

ကရီသီးဆာနွန်သည် အချစ်ရေး သိုသိပ်သူဖြစ်ပြီး သတင်းထွက်ရှိခြင်းမရှိဘဲ အသက် ၃၄ နှစ် မွေးနေ့တွင်မှ ချစ်သူကို ထုတ်ပြခဲ့ခြင်းဖြစ်သည်ကို ပရိသတ်များ အံ့အားတသင့် ဖြစ်ခဲ့ကြသည်။ (SKY)

## Bright Vachirawut ပရိသတ်ဝေဖန်ခံရမှု ရှိနေ

ထိုင်းအနုပညာရှင် ကုမ္ပဏီပိုင်ရှင် ဘရိုက်ဗာချီရာဝပ်၏ အချစ်ရေးသတင်း ထွက်ပေါ်ခဲ့ပြီးနောက် ပရိသတ် ဝေဖန်ခံရမှုများ ထပ်မံရှိနေဆဲဖြစ်ရာ ထပ်မံ၍ အမေရိကန်ပြတိုက် သွားရောက်လည်ပတ်ခဲ့ပြီး ဓာတ်ပုံတင်ရာမှ ဝေဖန်မှုခံရသည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘရိုက်ဗာချီရာဝပ်သည် လော့စ်အိန်ဂျလိတွင် ရှိနေချိန် အလုပ်နားရက်၌ အမေရိကန်ပြတိုက်သို့ Amair Can Shooting Range and Outdoor Military Musum သွားရောက်လည်ပတ်ခဲ့ပြီး ဝါသနာအရ တစ်နေရာရောက်တိုင်း ပရိသတ်ထံ အမှတ်တရပုံများ မျှဝေပေးခဲ့လေ့ရှိသည်။

အဆိုပါ ဓာတ်ပုံမျှဝေပေးမှုအပေါ် ပရိသတ်များက ဝေဖန်တိုက်ခိုက်ခဲ့ကြ၍ ဘရိုက်ဗာချီရာဝပ်ကိုယ်တိုင်ရော Cloud 9 အင်တာတိန်းမင့်ကပါ ပုံတင်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပေးခဲ့ပြီး နောက်နောင် သတိထားသွားမည့်အကြောင်း တောင်းပန်စာ ရေးသားတင်ပြခဲ့ရသည်။ (SKY)



## Iron Man သရုပ်ဆောင် Robert Downey Jr ၏ နွေရာသီအပန်းဖြေအိမ် ထူးခြားမှုရှိ

Iron Man သရုပ်ဆောင် ရောဘတ်ဒီနေရိုဂျာ၏ ထူးဆန်းလှပသည့် လေရဟတ်ပုံစံ နွေရာသီ အပန်းဖြေအိမ်အတွင်းရှိ ပစ္စည်းများကို ပရိသတ်စိတ်ဝင်စားနေကြသည်ဟု ဟောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။




ရောဘတ်ဒီနေရိုဂျာသည် ဇနီးဖြစ်သူ ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်သူ ဆူဆန်ဒီနေရိုနှင့်အတူ ၁၈၈၅ ခုနှစ်တွင် တည်ဆောက်ထားသည့် နွေရာသီ အပန်းဖြေအိမ်ကြီးမှာ ထူးဆန်းလှပသည့် လေရဟတ်ပုံအိမ် ဖြစ်သည်။

ဈေးကြီးသော စံအိမ်ကြီးများကို ဝယ်စုရာတွင် ကြိုက်နှစ်သက်သည့် ရောဘတ်ဒီနေရိုဂျာက ဟောလိဝုဒ်ကြယ်ပွင့်များကဲ့သို့ အိမ်စုဆောင်းထားကာ ဒေါ်လာ ၁၁ ဒသမ ၉ သန်းတန်ကြေးရှိ လေရဟတ်နွေရာသီ အပန်းဖြေအိမ်ကို ဝယ်ယူထားခြင်း ဖြစ်သည်။

အဆိုပါ အိမ်တွင်းအလှဆင်ထားသည့် ပစ္စည်းများမှာလည်း တန်ဖိုးမြင့်မားသည့် ပရိဘောဂများစွာနှင့် အလှဆင်ထားသဖြင့် ပရိသတ်များက ၄င်းလေရဟတ်အိမ်ကို စိတ်ဝင်စားနေကြသည်ဟု သိရသည်။ (SKY)

## Song Hye Kyo ၏ ငါးကြိမ်မြောက် Elle Magazine ထွက်ရှိ




ဆောင်းဟေကို၏ စက်တင်ဘာလထုတ် Elle မဂ္ဂဇင်းမှာ ငါးကြိမ်မြောက် တွေ့ဆုံမှုဖြစ်ပြီး ဖက်ရှင်စတိုင်လ်သစ်နှင့် မြင်တွေ့ရမည်ဟု ကိုရီးယားဆိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ခုနှစ်အတွက် ဆောင်းဟေကို၏ ဒုတိယမဂ္ဂဇင်း မျက်နှာဖုံးရှင်ဖြစ်ကာ ပထမအကြိမ်မှာ Vogue မဂ္ဂဇင်းဖြစ်၍ ကိုရီးယားထိပ်တန်းဖက်ရှင်မဂ္ဂဇင်း သုံးခုဖြစ်သည့် Vogue, Elle နှင့် Bazaar တို့တွင် ငါးကြိမ်တိတိ မျက်နှာဖုံးရှင် ဖြစ်ခဲ့သည်။

ဆောင်းဟေကိုသည် W Magazine တွင် လေးကြိမ်မြောက် Cover Model အဖြစ် ပါဝင်ထားသည်။ (SKY)

## ချမ်းအေးသာစံမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊အမှတ်(၉၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြစေရန်ရည်ရွယ်၍ စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီက အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၃၅ လမ်း၊ မီးပွိုင့်တွင် ယာဉ်စည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးရာတွင် မော်တော်ဆိုင်ကယ်များ ယာဉ်အမှတ်ပါရှိခြင်းရှိ၊ မရှိ၊ မော်တော်ယာဉ်လိုင်စင်နှင့် ဆိုင်ကယ်လိုင်စင်များပါရှိခြင်း ရှိ၊ မရှိ၊ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ ဆိုင်ကယ်စီးဦးထုပ်ဝတ်ဆင်မောင်းနှင်ခြင်းရှိ၊ မရှိ၊ မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း ရှိ၊ မရှိ၊ အသက်ကယ်ထိုင်ခုံခါးပတ်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့်အမြန်နှုန်းထက်ပိုမောင်းနှင်ခြင်းရှိ၊ မရှိ စသည်များအား စစ်ဆေးဆောင်ရွက်ခဲ့ကြပြီး သတ်မှတ်ချက်နှင့် စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်အသုံးပြုသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၅၇)



## ကမ်းပြိုဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေထောက်ပံ့ ပေးအပ်

**မင်းဘူး စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ ကျောင်းကုန်းကျေးရွာမှ ကမ်းပြိုဘေးသင့်ခဲ့သော အိမ်ထောင်စုဝင် မိသားစုများအား ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများကို စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် စက်တင်ဘာလတွင် မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းပြိုဘေးသင့်ခဲ့သော မင်းဘူး(စကု)မြို့နယ် သနပွင်ကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာမှ အိမ်ထောင်စု နှစ်စု၊ လူဦးရေ ရှစ်ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် နှစ်သိန်းနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၁၆၈၀၀၊ စုစုပေါင်း ငွေကျပ် ၂၁၆၈၀၀ အား မင်းဘူးမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကမ်းပြိုဘေး သင့်ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၄)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီတွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ဆန်နားကျေးရွာအနီးတွင် စိုင်းတိုးမ မောင်းနှင်ပြီး စိုင်းရှဲန်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော စက္ကူဂျပ်ဖာအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းတိုးမ(၂၃)နှစ်နှင့် စိုင်းရှဲန်(၂၄)နှစ်တို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အောက်ပုံ)

မန္တလေးနေ့စဉ်သတင်းအဖွဲ့





## ၂၀၂၄ ခုနှစ် ဩဂုတ်လ၌ မီးလောင်မှု (၁၁) ကြိမ် ဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ခုနှစ် ဩဂုတ် ၁ ရက်မှ ၃၁ ရက်အတွင်း မီးလောင်ကျွမ်းမှု (၁၁)ကြိမ် ဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၁၀ လုံး ဆုံးရှုံးခဲ့သည်။

၂၀၂၄ခုနှစ် ဩဂုတ်လအတွင်း မန္တလေးခရိုင်တွင် မီးဖိုမီး(၁)ကြိမ်၊ ပေါ့ဆမီး(၁)ကြိမ်၊ လျှပ်စစ်မီး (၃)ကြိမ်အလိုအလျောက် မီး(၁) ကြိမ်ဖြစ်ကာ အိမ်ခြေ(၂)လုံး၊ ကျောက်ဆည်ခရိုင်တွင် လျှပ်စစ်မီး(၁)ကြိမ်ဖြစ်ကာ အိမ်ခြေ(၄)လုံး၊ မြင်းခြံခရိုင်တွင် အလိုအလျောက် မီး(၁) ကြိမ်၊ မသမာသူ ရှို့မီး(၁) ကြိမ်ဖြစ်ကာ အိမ်ခြေ(၁)လုံး၊ ဂိုထောင်(၁)လုံး၊ ညောင်ဦးခရိုင်တွင် လျှပ်စစ်မီး(၂)ကြိမ်ဖြစ်ကာ အိမ်ခြေ (၂) လုံးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ ဩဂုတ်လတွင် မန္တလေးမြို့၌ အောင်မြေသာစံမြို့နယ်တွင် ပေါ့ဆမီး(၁)ကြိမ်၊ လျှပ်စစ်မီး(၂)ကြိမ်ဖြစ်ကာ အိမ်ခြေ(၂)လုံး၊ ချမ်းအေးသာစံမြို့နယ်တွင် လျှပ်စစ်မီး(၁)ကြိမ်၊ ပုသိမ်ကြီးမြို့နယ်တွင် မီးဖိုမီး(၁)ကြိမ်ဖြစ်ကာ အိမ်ခြေ(၁)လုံး၊အမရပူရမြို့နယ်တွင် အလိုအလျောက် မီး(၁)ကြိမ်တို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၅၇)

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**နတ်မောက် စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန( Community Centre )ခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဒေါ်ဥမ္မာခင်က စာပေလေ့လာ ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အနာဂတ်တွင် အသိပညာဗဟုသုတကြွယ်ဝသည့် နိုင်ငံသားကောင်းများဖြစ်ပေါ်စေရန် ပြိုင်ပွဲကျင်းပပေးရခြင်းကြောင်းနှင့်ပြိုင်ပွဲစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲဆက်လက်ကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများမှ "ကလေးသူငယ် ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲသို့ နတ်မောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၄ဦးဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄-ခုနှစ်၊ စက်တက်ဘာ ၁၃ ရက်တွင် ကျင်းပမည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် ဆုပေးပွဲအခမ်းအနားတွင် ဆုများ အသီးသီး ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

လှဝင်း

## မီးခိုးများထွက်သည်ကိုမြင်၍ စိုးရိမ်ပြီး ယာဉ်ပေါ်မှခုန်ဆင်း လမ်းနှင့်မျက်နှာရိုက်မိ သေဆုံး

ရန်ကုန်-မန္တလေးလမ်းမကြီး၊ မိုင်တိုင်အမှတ်(၂၃၆/၂-၃)ကြား၊ တပ်ကုန်းမြို့နယ်၊ ဘုရားတောင်အနီးတွင် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက နတ်မောက်မြို့မှ ရန်ကုန်မြို့သို့ Mitsubishi Canter အမျိုးအစားအဖြူရောင်ယာဉ်သည် အမျိုးသား ၄ ဦး၊ အမျိုးသမီး ၁၀ ဦး တင်ဆောင်မောင်းနှင်လာစဉ်အဆိုပါ မိုင်တိုင်အရောက်တွင် ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးသည် ယာဉ်အိတ်ဇောမှ မီးခိုးများထွက်သည်ကို စိုးရိမ်ပြီး ယာဉ်ပေါ်မှခုန်ဆင်းရာ မျက်နှာနှင့် ကွန်ကရစ်လမ်းရိုက်မိပြီး နေရာတွင် သေဆုံးသွားခဲ့သဖြင့် တောင်ညိုလူမှုကူညီရေးအသင်းယာဉ်ဖြင့်နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

## ဥတ္တရသီရိမြို့နယ်တွင် ယာဉ်တစ်စီးမီးလောင်မှု ဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်၊ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ပဲခူးလမ်းတွင် စက်တင်ဘာ ၈ ရက် ည ၁၁ နာရီခန့်က မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဥတ္တရသီရိမြို့နယ်မီးသတ်စခန်းမှမီးငြိမ်းသတ်ယာဉ်သုံးစီး၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂)နယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ သနွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ ည ၁၁ နာရီ ၃၅မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဥတ္တရသီရိမြို့နယ် နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ယာပုံ) (၀၄၅)



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို Irina-Camelia Beg က ဆွတ်ခူး




**လန်ဒန် စက်တင်ဘာ ၁၀**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရိုမေးနီးယားတင်းနစ်မယ် Irina-Camelia Begu က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ရိုမေးနီးယားတင်းနစ်မယ်Irina-Camelia Begu သည် 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Petra Marcinko အား ၁-၆၊ ၆-၃၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ Irina-Camelia Begu က ကျွန်မ အခုလို 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါဟု ပြောသည်။

(အပေါ်ဝဲပုံ)(NGB)



## ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၁၀**

ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၂၉ မိနစ်တွင် မူအာနီ၊ ပွဲချိန် ၅၇ မိနစ်တွင် ဒမ်ဘီလီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပြင်သစ်အသင်းသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၁ ရက်တွင် အစ္စရေးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဩဂုတ်လအတွက် စပိန်လာလီဂါအကောင်းဆုံး နည်းပြဆုကို ဟန်ဆီဖလစ်ခ် ဆွတ်ခူး

**ဘာစီလိုနာ စက်တင်ဘာ ၁၀**

စပိန်လာလီဂါမှ လစဉ်လတိုင်း ပေးအပ်ချီးမြှင့်သည့် ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး နည်းပြဆုကို



ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်ခ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဘာစီလိုနာအသင်းအား စပိန်လာလီဂါ ပွဲစဉ် ၄ ပွဲ ကိုင်တွယ်ပြီး ၄ ပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုလို အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၅၉)နှစ်အရွယ်ရှိ ဟန်ဆီလစ်ခ်က ကျွန်တော်အခုလို တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေထပ်မံ ဆွတ်ခူးဖို့နဲ့ ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါ ချန်ပီယံဆုကြီး ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါဟု ပြောသည်။

(ဝဲပုံ)(NGB)

## အိုဒီဂတ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၁၀**

နော်ဝေအသင်းနှင့် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အိုဒီဂတ် ခြေကျင်းဝတ်ဒဏ်ရာ ပြင်းထန်စွာရရှိမှုကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ် အုပ်စုပွဲစဉ်အဖြစ် နော်ဝေအသင်းက ဩစတြီးယားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်း ဖြစ်သည်။



ကွင်းလယ်ကစားသမား အိုဒီဂတ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နိုင်ငံအသင်းဖြစ်သည့် နော်ဝေအသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ အိုဒီဂတ်သည် နော်ဝေအသင်းနှင့်အတူ ၂၀၁၄ မှ ၂၀၂၄ အထိ ပြိုင်ပွဲပေါင်း ၆၁ ပွဲကစားပြီး ၃ ဂိုး သွင်းယူထားသလို၊ ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၆ ပွဲကစားကာ ၃၅ ဂိုးထိ သွင်းယူထားကာ ခြေစွမ်းပြထားသည်။

(အပေါ်ဝဲပုံ)

(NGB)

## ဒီပိုင်းအား ကိုရင်သီယန်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၁၀**

ဘရာဇီးကလပ် ကိုရင်သီယန်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် တိုက်စစ်မှူး ဒီပိုင်းအား ၂၀၂၆ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဝါရင့်တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် ပီအက်စ်ဗွီ၊ မန်ချက်စတာယူနိုက်တက်၊ လိုင်ယွန်၊ ဘာစီလိုနာ၊ အက်သလက်တီကိုမက်ဒရစ် စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ကိုရင်သီယန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။




အသက်(၃၀)နှစ်အရွယ်ရှိ ဒီပိုင်းက "ကျွန်တော် ကိုရင်သီယန် အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းကို အောင်မြင်မှုတွေ ရရှိအောင်လည်း အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## နည်းပြ ပီအိုလီအား အယ်လ်နာဆာအသင်း၏ နည်းပြသစ်အဖြစ် မြင်တွေ့ရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၁၀**

လာဇီယိုအသင်းနှင့် အေစီမီလန်အသင်း နည်းပြဟောင်း ပီအိုလီအား ဆော်ဒီကလပ် အယ်လ်နာဆာအသင်း၏ နည်းပြသစ်အဖြစ် မြင်တွေ့ရဖွယ်ရှိနေကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် အေစီမီလန်၊ လာဇီယို၊ ဆက်ဆူအိုလို၊ ဖီအိုရင်တီးနား၊ ဘိုလော့ဂ်နာ၊ ပါးမားစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်နာဆာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ ပီအိုလီကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် အယ်လ်နာဆာအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြပီအိုလီအား လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း အယ်နာဆာအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)



## ဂျိုနသန်ဒေးဗစ်အား ခေါ်ယူရန် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**တူရင် စက်တင်ဘာ ၁၀**

စီးရီးအေထိပ်သီးကလပ် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် လိုင်လီအသင်း တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက် ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၁၈၉ ပွဲကစားကာ ၈၇ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စီးရီးအေထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

လိုင်လီအသင်းကလည်း ဂျိုနသန်ဒေးဗစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ အနေဖြင့် လိုင်လီအသင်းထံမှ ဂျိုနသန်ဒေးဗစ်အား မည်သည့်အသင်းက ရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ယာပုံ)(NGB)





## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာရေးစပ်ပြိုင်ပွဲများကျင်းပ

**မန္တလေး စက်တင်ဘာ ၁၀**

အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့်အခြေခံပညာအထက်တန်း၊ အလယ်တန်းစာစီစာကုံးနှင့် ကဗျာရေးစပ်ပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉နာရီကအမှတ် (၂၇) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါ စာစီစာကုံးနှင့်ကဗျာရေးစပ်ပြိုင်ပွဲများကို ပြည်ကြီးတံခွန်မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး စာစီစာကုံးပြိုင်ပွဲ၌ အထက်တန်းအဆင့်တွင် ပညာဉယျာဉ်မှူး ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦး၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ဆရာမပြ နည်းမကျခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကဗျာရေးစပ်ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲ၌ ကြယ်ရူဝံပမာ မြတ်ဆရာ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး၊ အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲ၌ ဆရာသခင် ကျေးဇူးရှင် ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာရေးစပ်ပြိုင်ပွဲသို့ မြို့နယ်ပညာရေးမှူး ဒေါ်နှင်းမူ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းထွန်းနှင့် တာဝန်ရှိသူများ၊ အ-ထ-က (၂၇) ကျောင်းအုပ်ဆရာကြီး ဒေါက်တာ အောင်သက်ဆွေနှင့် ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့်ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ရဟန်း၊ သာမဏေနှင့် သီလရှင်များအား ဆွမ်းဆန်တော်များ ထပ်ဆင့်ဆက်ကပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၀**

မဟာအောင်မြေမြို့နယ် အတွင်းရှိ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆွမ်းဆန်တော်များ ထပ်ဆင့်ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်တော်များ ထပ်ဆင့် ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြတောင်တိုက်၊ ခေမာဝင်းကျောင်း ဆရာတော် ဦးအဂ္ဂဓမ္မ အမှူးပြုသည့် သံဃာတော် ငါးပါး ကြွရောက်တော်မူကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဆွေလွင်အောင်၊ အဖွဲ့ဝင်(၂) ဦးထွန်းထွန်းဝင်း၊ အဖွဲ့ဝင်(၃) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးကောင်းမြတ်ကျော်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းကျော်အောင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စုစုပေါင်း အင်အား ၂၀ ဦးခန့် တက်ရောက်လှူဒါန်းသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများမှ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးအဂ္ဂဓမ္မထံက ငါးပါးသီလခံယူဆောက်တည်ပြီး အနုမောဒနာတရား နာယူကြည်ညို၍ သံဃာတော်များ ရွတ်ပွားချီးမြင့်သည့် ပရိတ်တရားတော်များအား ရိုသေစွာ နာယူကြည်ညိုခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျောင်းတိုက် ၉၀ တိုက်၊ ကျောင်းပေါင်း ၄၃၅ ကျောင်းမှ ရဟန်း ၅၁၃၈ ပါး၊ သာမဏေ ၃၀၅၈ ပါး၊ သီလရှင်ကျောင်း ၄ ကျောင်းမှ သီလရှင် ၁၁၃ ပါး၊ စုစုပေါင်း ၈၃၀၉ ပါးတို့အား တစ်ပါးလျှင် ဆွမ်းဆန်တော် နှစ်ပြည်၊ ဆီ ၂၅ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားနှင့် ကြက်သွန်နီ ၂၅ ကျပ်သားစီတို့အား ဆက်လက် ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၆)**

## စာပေတိုးတက်ရေးပွဲတော်အကြို အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ အထက်တန်းအဆင့်တွင် ကျပန်းစကားပြော၊ ပန်းချီ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ အလယ်တန်းအဆင့်တွင် ကာတွန်း၊ စာစီစာကုံး၊ ပုံပြင်ပြောပြိုင်ပွဲများနှင့် မူလတန်းအဆင့်တွင် ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး အထက်တန်းအဆင့် ကျပန်းစကားပြော အကြိုပြိုင်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၉နာရီက အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမတွင် ကျင်းပသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးအေးလင်းက အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက ပြိုင်ပွဲစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက 'ကျောင်းစာကြည့်တိုက်'၊ 'မြန်မာစာသည် တို့စာ မြန်မာစကားသည် တို့စကား'၊ 'စာဖတ်ခြင်းအကျိုး'၊ 'စာပေမြှင့်မှ လူမျိုးတင့်မည်'၊ 'စာပေနှင့်ယဉ်ကျေးမှု' စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(၄၈၅)**



## စစ်ကိုင်းခရိုင်တွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာကို ၁၀၀၈၄၇ ဧက စိုက်ပျိုးသွားမည်

စစ်ကိုင်းခရိုင်တွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာကို ၁၀၀၈၄၇ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် ၁၀၅၆၁၅ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်အတွင်း ဆီထွက်သီးနှံ အထူးဇုန်နှင့်ဝါသီးနှံအထူးဇုန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းခရိုင် ဆီထွက်သီးနှံအထူးဇုန်တွင် ဆီထွက်သီးနှံ ၁၁၁၁၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး လက်ရှိတွင် ၄၇၂၆၂ ဧကစိုက်ပျိုးထားပြီး ဖြစ်သည်။

စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ယခုဘဏ္ဍာနှစ်အတွင်း ဝါသီးနှံ ၅၀၅၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၈၃၈ ဧကစိုက်ပျိုးထားပြီးဖြစ်သည်။

ထို့အပြင် စစ်ကိုင်းခရိုင်တွင် မိုးစပါးကို ၄၂၂၅၀ ဧက စိုက်ပျိုးရန် လျာထားရာ ယခုအခါ ၂၇၉၁၂ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်သည်။

သီးနှံမျိုးစုံကို စိုက်ပျိုးလျာထားချက် ပြည့်မီရေး၊ ပန်းတိုင် အထွက်နှုန်းရရှိရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲနည်းကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းခရိုင်အတွင်း စားဖိုဆောင်သီးနှံများ၊ ဂျုံ၊ ကုလားပဲ၊ ပဲမျိုးစုံနှင့် ဖရဲ၊ သခွားများလည်း စိုက်ပျိုးလျက်ရှိသည်။

ပြည်တွင်းဆီလိုအပ်ချက်မြင့်မားနေသောကြောင့် ဆီထွက်သီးနှံများမှာ ဈေးကောင်းရရှိနေရာ စက်တင်ဘာ လဆန်းပိုင်းတွင် မန္တလေးဈေးကွက်၌ မြေပဲတစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀၊ နှမ်းနက် ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀၀ ကျော်၊ မြေပဲဆီ တစ်ပိဿာလျှင်ငွေကျပ် ၁၈၀၀၀ ကျော်၊ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ကျော်၊ ပဲဖက် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၊ နှမ်းဖက်တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရွှေမန်း**



## ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) လပတ်အစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၀**

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း (မန္တလေး) (၉/၂၀၂၄) လပတ်အစည်းအဝေးကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ချမ်းအေးသာစံ မြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂ လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ အဆိုပါအသင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးမောင်မောင်တာက ဆောင်ရွက်ပြီး ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်းငြိမ်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မျက်စိခွဲစိတ်ကုသမှုများ၊ သဘာဝဘေးကူညီမှုများ၊ နာရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက အလှူငွေရရှိမှုများ၊ ရသုံးငွေစာရင်းနှင့် ဆေးပစ္စည်းဝယ်ယူမှုများအပါအဝင် အစီအစဉ်(၁၃)ရပ်ဖြင့် ကျင်းပသည်။

ထို့နောက် တက်ရောက်လာသော အသင်းအလုပ်အမှုဆောင်များကကဏ္ဍအလိုက် ရှေ့လုပ်ငန်းစဉ်များ တင်ပြကြပြီး အသင်းဥက္ကဋ္ဌက တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၀၄၅)**

# ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဖွဲ့နုဆီချော ထုတ်လုပ်သွားမည်

နိုင်ငံခြားငွေဖြင့် တင်သွင်းနေရသည့် ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဖွဲ့နုဆီချောထုတ်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ သိရသည်။

ထိုသို့ ထုတ်လုပ်နိုင်ရန် ဖွဲ့နုဆီထုတ် စက်ရုံစီမံကိန်းအတွက် အိန္ဒိယနိုင်ငံကနေ စက်ပစ္စည်းတွေ တင်သွင်းတပ်ဆင်သွားမည်ဖြစ်သည်။

လက်ရှိ ဆောင်ရွက်နေသည့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကိုင်လျက်ရှိပြီး စက်ပစ္စည်းတင်သွင်းမယ့် အပိုင်းကို တစ်ပါတည်း ဆောင်ရွက်ကြောင်း MRF တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုကတော့ တည်ဆောက်ရေးလုပ်နေတာရယ်။ နောက်ပြီးတော့ အိန္ဒိယနိုင်ငံကနေ စက်ပစ္စည်းတင်သွင်းတဲ့ အပိုင်းတွေ လုပ်နေပါတယ်"ဟု MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဖွဲ့နုဆီကြမ်းနှင့် ဆီချောပါဝင်သည့် စက်ရုံကနေ တစ်နှစ်ကို ဆီကြမ်းတန်ချိန် ၉၀၀၀ နှင့် ဆီချောတန်ချိန် ၆၃၀၀၊ စုစုပေါင်း ဖွဲ့နုဆီတန်ချိန် ၁၅၃၀၀ ခန့် ထုတ်လုပ်နိုင်ဖို့ ရည်မှန်းထားသည်။

ရွှေပြေးစီမံကိန်းအဖြစ် တည်ဆောက်နေသည့် နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်က MAPCO ဆန်စက်ဝန်းက ဖွဲ့နုဆီစက်ရုံကို MRF ဦးဆောင်မှုဖြင့် ယခုနှစ် ဖေဖော်ဝါရီမှာ စတင် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

"လက်ရှိကတော့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆက်လုပ်နေပါတယ်။ စီမံကိန်းကတော့ လာမယ့် ၂၀၂၅ နှစ်ဆန်းပိုင်းမှာ ပြီးမှာပါ"ဟု MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

MRF အနေဖြင့် နေပြည်တော်က ရွှေပြေးစီမံကိန်းအပါအဝင် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှာ ဖွဲ့နုဆီစက်ရုံ ၁၀ ရုံ တည်ဆောက်သွားရန် လျာထားသည်။ဖွဲ့နုဆီစက်ရုံများကို ဆန်ကြိတ်စက်များ အနီးတွင်တည်ဆောက်ပြီး ထွက်ရှိလာသည့် ဖွဲများကို အမြန်ဆုံး ဆီစက်သို့ ပို့ဆောင်မှသာ ဆီထွက်အားပိုမိုကောင်းမွန်သည်။

စက်ရုံက ထွက်ရှိလာမယ့် ဖွဲ့နုဆီတွေကို ပြည်တွင်းဈေးကွက်အတွက် ဦးစားပေး ရောင်းချသွားမှာဖြစ်ပြီး ပိုလျှံပါက ဂျပန်၊ တောင်ကိုရီးယားနှင့် ဥရောပနိုင်ငံတွေထံ တင်ပို့သွားမည်။

ပြည်တွင်းမှာ နှစ်စဉ် စားသုံးဆီသုံးစွဲမှုအနေဖြင့် တန်ချိန် ၁၂ သိန်းခန့်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန် သုံးသိန်းခန့်သာ ရှိသည်။

လက်ရှိ ပြည်တွင်းဈေးကွက်အတွင်း စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ပေးဝယ်နေရပြီး ပြည်တွင်းထုတ် ပဲဆီ တစ်ပိဿာဈေး ငွေကျပ် ၂၀၀၀၀ မှ ၂၈၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။**(အောက်ပုံ)**

**ရွှေမန်း**



# ညောင်ဦးမြို့နယ်တွင် ကျောက်ကူးမြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုး

**ညောင်ဦး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ကျောက်ကူးလျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါး ၁၆၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများထံက သိရသည်။

ညောင်ဦးမြို့နယ် လျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးရန် ဇွန်လတွင် ပျိုးစတင် ပျိုးထောင်ခဲ့ကြောင်း ဇူလိုင်လဆန်းပိုင်းက စတင်၍ ပျိုးပင်များ လယ်ကွင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခဲ့သည်။ လျှပ်စစ်မြစ် ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးမှာ ဆင်းသုခ၊ မနောသုခ ၊ YSR စပါးမျိုးများကို တောင်သူများ စိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်း ရွှေ့ပြောင်းစိုက်ရကြောင်း စပါးတစ်သီးရင့်မှည့်ချိန်ထိ ငါးလကြာမြင့်ကြောင်း မိုးစပါးစိုက်တောင်သူများက ပြောသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် မိုးစပါးစိုက်တောင်သူများ စပါးသီးနှံရိတ်သိမ်းပြီးချိန်အထိ တစ်ဧကစိုက်ပျိုးရေသွင်းစရိတ် ငွေကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀ ပေးရကြောင်း အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးများ အထွက်နှုန်းပုံမှန်ကောင်းမွန်ပြီး ရေပေးသွင်းခလည်း တန်လွန်းကြောင်း၊ မိုးစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀ လက်မအောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင်ရေသွင်းရကြောင်း၊ တစ်ဧကသွင်းဈေးလည်း တန်လွန်းကြောင်း မိုးစပါးစိုက် တောင်သူများက ပြောသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧကကောက်စိုက်သမ စိုက်ပျိုးခငွေကျပ် ၅၅၀၀ ဖြင့် စိုက်ဧကပြတ် စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလာကြကြောင်း မိုးစပါးစိုက်တောင်သူများက ရှင်းပြပြီး ကျောက်ကူးမြစ်ရေတင်ဖြင့် မိုးစပါး ၁၆၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(၄စ၁)**



# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၀**

လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့နယ် ဟိုလိပ် အ·ထ·က(ခွဲ)တွင် ကျင်းပရာ ရှေးဦးစွာ ဟိုလိပ် အ·ထ·က(ခွဲ)မှကျောင်းအုပ်ဆရာကြီး ဦးကီးဟုန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်း ခရိုင်အဆင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းအား မိတ်ဆက်ပေးသည်။ ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "အနာဂတ်ကို ပိုင်စိုးမည့်သူများ"ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါ ဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ပြင်ဦးလွင်မြို့နယ် ဥက္ကဋ္ဌ ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်း၏ ခရိုင်အလုပ်အမှုဆောင် ဦးဇော်မြင့်က အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဟိုလိပ် အ·ထ·က(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများအား အသိအလိမ္မာရဖွယ် သုတ၊ ရသပုံပြင်များ ဖတ်ကြားပြခြင်း၊ နံရံကပ်စာစောင်များ၊ သုတ၊ ရသစာစောင်များ ခင်းကျင်းပြသပေးသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၃၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**သွေးသွေး(ခရိုင် ပြန်/ဆက်)**

# ဆီစက်လုပ်ငန်းများအတွက် ငွေကျပ် ၃ ဘီလီယံကျော် ထုတ်ချေးပေးထားပြီး လိုအပ်ပါက လျှောက်ထားနိုင်

**မန္တလေး စက်တင်ဘာ ၁၀**



ပြည်တွင်း၌ စားသုံးဆီလုံလောက်မှုရှိစေရန်နှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ် ၃ ဒသမ ၄၉ ဘီလီယံကျော် ထုတ်ချေးပေးထားပြီး ချေးငွေလိုအပ်ပါက လျှောက်ထားနိုင်ကြောင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ချေးငွေအတွက် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဆီလုပ်ငန်းနှင့် ဆက်စပ်သည့် အသင်းရုံးများတွင် ဆက်သွယ်လျှောက်ထားနိုင်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထဲကနေ ငွေကျပ် ၅၀ ဘီလီယံကို ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာဖို့ ရန်ပုံငွေထူထောင်ပြီး ချေးငွေထုတ်ပေးတာဖြစ်ပါတယ်။ ဆီစက်လုပ်ငန်းတွေ ဖွံ့ဖြိုးလာရင် ပြည်တွင်းစားသုံးမှုလိုအပ်ချက်ဖြည့်ပေးနိုင်မှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ချေးငွေထုတ်ချေးပေးရာတွင် ဆီစက်လုပ်ငန်းရှင်ပေါင်း ၃၁ ဦးအား ငွေကျပ် ၃ ဒသမ ၄၉ ဘီလီယံကျော် ထုတ်ချေးပေးထားပြီးဖြစ်၍ ကျန်ရှိသော ၄၆ ဒသမ ၅ ဘီလီယံကျော်ကို လျှောက်ထားလာသူများအား ထုတ်ချေးပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

"ချေးငွေက လုပ်ငန်းသုံးလည်ပတ်ရင်းနှီးငွေအတွက် အနည်းဆုံး ငွေကျပ် သိန်း ၁၀၀ မှ အများဆုံး သိန်း ၃၀၀၀ အထိနဲ့ မ,တည်ရင်းနှီးငွေအတွက် အနည်းဆုံးငွေကျပ် သိန်း ၂၀၀ မှ သိန်း ၃၀၀၀ ထိ ထုတ်ချေးပါတယ်။ သက်သာတဲ့ အတိုးနှုန်း ဖြစ်တာကြောင့် လုပ်ငန်းလည်ပတ်မှုမှာ အထောက်အကူဖြစ်မှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ငွေကျပ်သိန်း၃၀၀၀အထက် ချေးငွေရယူလိုပါက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုအဖွဲ့ (အတွင်းရေးမှူးရုံး)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းသုံးလည်ပတ်ရင်းနှီးငွေအတွက် ချေးငွေသက်တမ်းတစ်နှစ်၊ မ,တည်ရင်းနှီးငွေအတွက် ချေးငွေသက်တမ်းသုံးနှစ်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**




# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## မီးဖိုချောင်က အနံ့ဆိုးတွေကို ဖယ်ရှားကြမယ်




ဘယ်လောက်ပဲ ကိုယ်နေတဲ့နေရာကို သန့်ရှင်းရေးလုပ်ပြီး သေသပ်အောင်ထားထား တချို့အနံ့ဆိုးတွေကျ ဘယ်လိုမှလုပ်လို့မရဘဲ တဝဲဝဲလည်ပြီး မပျောက်နိုင်ဖြစ်နေတာကို ကြုံဖူးကြမှာပါ။ အိမ်မှာ အနံ့ဆိုးထွက်လွယ်တဲ့နေရာတွေထဲကတစ်ခု ပြောပါဆိုရင်တော့ မီးဖိုချောင်ဘေစင်တွေက ထိပ်ဆုံးကပါနေမှာပါ။ ဒီနေရာဟာဆိုရင် အစာအကြွင်းအကျန်တွေ၊ သန့်ရှင်းရေးသုံးပစ္စည်းတွေကြောင့် မလိုလားအပ်တဲ့အနံ့ဆိုးတွေ ပေါက်ဖွားရာနေရာ ဖြစ်နေတာပါ။ ဒါကြောင့် ဘေစင်တစ်ဝိုက် အနံ့ဆိုးတွေကို ရှင်းလင်းရေးလုပ်နိုင်မယ့် အနံ့ဆိုးဖယ်ရှားပစ္စည်းလေးတွေကို အဓိကထား ပြောပြပေးသွားမှာပဲ ဖြစ်ပါတယ်။

(၁) ရှောက်သီး၊ သံပရိုသီး အခွံ အခြားအနံ့ဆိုးပျောက်စေတဲ့ ပစ္စည်းတစ်ခုကတော့ သံပရိုသီး အခွံတွေပဲ ဖြစ်ပါတယ်။ သံပရိုသီးတစ်လုံးကိုယူ၊ အခွံပါးပါး လှီးယူပြီး ဘေစင်အောက်မှာထား လိုက်ပါ။ ဒီသဘာဝသံပရာရနံ့ သင်းသင်းလေးက အနံ့ဆိုးတွေရဲ့ အာနိသင်ကို ပျက်ပြယ်စေပြီး သင့် မီးဖိုချောင်လေးကို သန့်ရှင်းလတ်ဆတ်မွှေးပျံ့စေမှာပါ။ ဒီနည်းလမ်းက လတ်ဆတ်တဲ့ အနံ့လေးတွေကြိုက်တဲ့သူတွေနဲ့ ဟင်းချက်ရင်း သံပရိုသီးအခွံတွေ ပိုနေတဲ့သူတွေအတွက် အသုံးဝင်စေမှာပါ။

(၂) မုန့်ဖုတ်ဆိုဒါ မြန်မာပြည်မှာဆိုရင် မုန့်ဖုတ်ဆိုဒါကို ဆောင်ထားလေ့ရှိတဲ့ အိမ်အတော်နည်းပါတယ်။ လူငယ်တွေ လောက်သာ ဆားဝက်ခြံနဲ့ ဝက်ခြံတွေသက်သာစေဖို့၊ အသားအရေကြည်လင်စေဖို့အတွက် မျက်နှာနဲ့ခန္ဓာကိုယ်ကို ကြေး(ချေး)ချွတ်တာလိုမျိုး အလှအပအတွက် ဝယ်သုံးလေ့ရှိကြပါတယ်။ ဒါဟာလည်း မုန့်ဖုတ်ဆိုဒါရဲ့ အနံ့ဆိုးဖယ်ရှားနိုင်စွမ်းနဲ့ သန့်စင်နိုင်စွမ်းတွေကို မသိကြသေးလို့ ဖြစ်ပါလိမ့်မယ်။ တကယ်တော့ မုန့်ဖုတ်ဆိုဒါဟာဆိုရင် သာမန်ဆပ်ပြာတွေထက်တောင် သန့်စင်နိုင်စွမ်းမြင့်မားတဲ့အပြင် သဘာဝအနံ့ဆိုးပျောက်ဆေးလည်းဖြစ်တဲ့အတွက် အနံ့ဆိုးအားလုံးကို အလွယ်တကူ ဖယ်ရှားပေးနိုင်တာပဲ ဖြစ်ပါတယ်။ သူ့ကိုသုံးမယ်ဆိုရင်တော့ ဘေစင်မှာပါတဲ့ ဇီရိုရဲ့ အောက်ခြေက အနံ့ဆိုးထွက်လွယ်တဲ့နေရာတွေကို မုန့်ဖုတ်ဆိုဒါခပ်များများဖြူးလိုက်ပြီး နာရီတော်တော်ကြာ ဒါမှမဟုတ် တစ်ညသိပ်ထားလိုက်ပါ။ နောက်နေ့မနက်ကျမှ အဝတ်ရေစိုနဲ့သုတ်ပြီး သန့်ရှင်းလိုက်တာနဲ့တင် အနံ့ဆိုးတွေပျောက်သွားစေမှာပါ ဖြစ်ပါတယ်။ ဒါ့ကြောင့် အိမ်တိုင်းမှာရှိထားသင့်တဲ့ ပစ္စည်းတစ်ခုဆိုလည်း မမှားပါဘူး။

**Daisy**

## ညဘက်နှစ်ခြိုက်စွာအိပ်ပျော်စေမယ့် ယောဂလေ့ကျင့်ခန်း



တကယ်လို့ သင်ကစိတ်ဖိစီးမှု၊ စိတ်ညစ်စရာတွေမရှိ၊ ကဖင်းဓာတ်တွေပါတဲ့ ကော်ဖီ၊ လက်ဖက်ရည်၊ လက်ဖက်သုပ်၊ အားဖြည့် အချိုရည်တွေသောက်ထားခြင်းမရှိပဲ ညဘက်အိပ်ပျော်ဖို့ခက်ခဲနေတယ်ဆိုရင် တစ်ကိုယ်လုံး တောင့်တင်းညောင်းညာနေသလားဆိုတာ သတိထားကြည့်ဖို့ လိုပါတယ်။ တစ်နေ့ကုန် အလုပ်စားပွဲမှာ အချိန်ကုန်ပြီး ဖုန်း၊ ကွန်ပျူတာတွေနဲ့ အသုံးပြုရတာကြောင့် အညောင်းမိပြီး အကြောတွေ တောင့်တင်းနေတတ်တာကြောင့် ညဘက်အိပ်ပျော်ဖို့ ခက်ခဲတာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့် ညအိပ်ရာမဝင်ခင် အကြောဆန့်လေ့ကျင့်ခန်းကို ၁၀ မိနစ်ခန့်ပြုလုပ်ပေးရုံနဲ့ အညောင်းအညာ၊ အကြောတွေပြေစေပြီး ညဘက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေပါတယ်။ ပုံမှာဖော်ပြထားတဲ့ လေ့ကျင့်ခန်းတစ်ခုစီတိုင်းကို တစ်မိနစ်ခန့် ပြုလုပ်ပေးခြင်းအားဖြင့် ညဘက်အိပ်ပျော်စေတဲ့အပြင် အကြောတက်၊ အညောင်းမိ၊ နာကျင်ကိုက်ခဲခြင်းတွေကို သက်သာစေပါတယ်။

**Daisy**

## ကျန်းမာရေးနဲ့ ကိုက်ညီသင့်တော်တဲ့ ခန္ဓာကိုယ်ထုထည်ညွှန်းကိန်း(BMI)

ကိုယ်အလေးချိန်တစ်ခုထဲနဲ့တိုင်းတာက ယေဘုယျပိန်ခြင်း၊ ဝခြင်းကိုသာသိရပြီး ကိုယ်ခန္ဓာထုထည်ညွှန်းကိန်း(BMI)က ကိုယ့်အရပ်အမောင်းနဲ့ အလေးချိန်ကိုပါတွက်ချက်တာမို့ ကိုယ်တွင်းအဆီပမာဏ ဘယ်လောက်ရှိမလဲဆိုတာပါ သိနိုင်ပါတယ်။ ဒီအပြင် တစ်ဦးတစ်ယောက်စီရဲ့ ကိုယ်ခန္ဓာအချိုးအစားနဲ့ အဆီဓာတ်ကို BMI ကနေ တွက်ချက်သိရင်း သိထားလို့ရတော့ ကိုယ်နဲ့ လိုက်ဖက်တဲ့ လေ့ကျင့်ခန်းနဲ့ စားသောက်နေထိုင်မှုကနေ ကိုယ်လိုချင်တဲ့ Body Goal ကို ရရှိဖို့ လွယ်ကူစေပါတယ်။

အရပ်အတိုင်းအတာနဲ့ ခန္ဓာကိုယ်အလေးချိန် ဘယ်လောက်ရှိထားသင့်လဲဆိုတာ BMI Chart မှာဖော်ပြပေးထားပါတယ်။ BMI ရလဒ်ပေါ်မူတည်ပြီး ကျန်းမာရေးအခြေအနေကို အတိအကျခန့်မှန်းလို့မရပေမယ့် ကိုယ့်ခန္ဓာကိုယ်တွင်းက အန္တရာယ်ရှိနိုင်တဲ့အခြေအနေတွေကို တစ်မျိုးတစ်ဖုံ ကြိုသိထားနိုင်တာပါ။

**Daisy**

### IDEAL BODY WEIGHT

| FOR MALE Height | Weight Pounds | Weight Kilos | FOR FEMALE Height | Weight Pounds | Weight Kilos |
|---|---|---|---|---|---|
| 5' 0" | 106 | 48.1 | 4' 8" | 80 | 36.3 |
| 5' 1" | 112 | 50.8 | 4' 9" | 85 | 38.5 |
| 5' 2" | 118 | 53.5 | 4' 10" | 90 | 40.8 |
| 5' 3" | 124 | 56.2 | 4' 11" | 95 | 43.1 |
| 5' 4" | 130 | 59.0 | 5' 0" | 100 | 45.3 |
| 5' 5" | 136 | 61.7 | 5' 1" | 105 | 47.6 |
| 5' 6" | 142 | 64.4 | 5' 2" | 110 | 49.9 |
| 5' 7" | 148 | 67.1 | 5' 3" | 115 | 52.2 |
| 5' 8" | 154 | 69.8 | 5' 4" | 120 | 54.4 |
| 5' 9" | 160 | 72.6 | 5' 5" | 125 | 56.7 |
| 5' 10" | 166 | 75.2 | 5' 6" | 130 | 59.0 |
| 5' 11" | 172 | 78.0 | 5' 7" | 135 | 61.2 |
| 6' 0" | 178 | 80.7 | 5' 8" | 140 | 63.5 |
| 6' 1" | 184 | 83.5 | 5' 9" | 145 | 65.8 |
| 6' 2" | 190 | 86.2 | 5' 10" | [illegible] | [illegible] |
| 6' 3" | 196 | 88.9 | 5' 11" | 155 | 70.3 |




## အသားအရေပျက်စီးစေတဲ့ အလေ့အကျင့်များ

အသားအရေပျက်စီးတယ်ဆိုတာ မတည့်တဲ့အလှကုန်ပစ္စည်းတွေအသုံးပြုမှ ပျက်စီးတာ မဟုတ်ပါဘူး။ တစ်ခါတလေ ကိုယ်တောင်သတိမထားမိလိုက်တဲ့အပြုအမူတွေက အသားအရေပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ဘယ်လိုအလေ့အကျင့် အပြုအမူတွေက အသားအရေပျက်စီးစေနိုင်လဲဆိုတာ ဖော်ပြလိုက်ပါတယ်။

(၁) နေရောင်ကာခရင်မ် (suncream)မလိမ်းတာကလည်း အသားအရေကို ပျက်စီးစေနိုင်ပါတယ်။ suncream ကို နေပူထဲထွက်မှပဲလိမ်းရတာ မဟုတ်ပါဘူး။ နေမပူလည်း အပြင်ထွက်ပြီဆိုတာနဲ့ မဖြစ်မနေလိမ်းပေးဖို့ လိုအပ်ပါတယ်။

(၂) အိပ်ရေးမဝခြင်းကလည်း အသားအရေကို ပျက်စီးစေနိုင်ပါတယ်။ အိပ်ရေးမဝခြင်းကြောင့် ခန္ဓာကိုယ်ဇီဝဖြစ်စဉ်တွေ ကမောက်ကမဖြစ်စေပြီး ဟော်မုန်းတွေပြောင်းခြင်း၊ အိပ်ချိန်နည်းတာကြောင့် ညဘက်အသားအရေပြန်လည်မွေးဖွားခြင်းဖြစ်စဉ်တွေ မရှိတော့တာကြောင့် အသားအရေညစ်နွမ်းပြီး စိုပြည်လှပမှုမရှိတော့တဲ့အပြင် ဝက်ခြံနဲ့အဆီဖုတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။

(၃) မျက်နှာကို သေချာမသစ်ရင်လည်း အသားအရေပျက်စီးစေနိုင်ပါတယ်။ တစ်နေ့ကို မနက်တစ်ခေါက် ညတစ်ခေါက် မျက်နှာသန့်စင်ပေးဖို့ လိုအပ်ပါတယ်။ မိတ်ကပ်လိမ်းထားတယ်ဆိုရင် မိတ်ကပ်တွေကိုအရင်ဆုံး မိတ်ကပ်ဖျက်ဆေးရည်နဲ့ သေချာဖျက်ပေးပြီး မျက်နှာသစ်ဆေးနဲ့ သစ်ပေးမှာသာ မျက်နှာပေါ်က ချွေးပေါက်တွေမှာ အညစ်အကြေးတွေမကျန်တော့မှာ ဖြစ်ပါတယ်။

(၄) ရက်လွန်နေတဲ့အလှကုန်ပစ္စည်းတွေ သုံးမိနေရင်လည်း အသားအရေကို ပျက်စီးစေနိုင်ပါတယ်။ ကိုယ်အသုံးပြုနေတဲ့ skin care နဲ့ မိတ်ကပ်ပစ္စည်းတွေရဲ့ ကုန်ဆုံးရက်ကို သေချာလေး သတိထားပြီးစစ်ဆေးဖို့ လိုအပ်ပါတယ်။ မိတ်ကပ်ပစ္စည်းတွေဆိုရင် သတ်မှတ်ရက်ကုန်ဆုံးသွားတာတောင် တစ်ဝက်တောင်မကုန်သေးတာကြောင့် မလွှင့်ပစ်ဘဲ ဆက်လက်အသုံးပြုနေမယ်ဆိုရင် အသားအရေပျက်စီးစေပြီး ဆေးခန်းမှာပြရတဲ့အထိ ဖြစ်နိုင်တာကြောင့် မနှမြောဘဲ စွန့်ပစ်သင့်ပါတယ်။

**Daisy**

## ခေါင်းအုံးနဲ့ ကျန်းမာရေး

ခေါင်းအုံးဆိုတာ တစ်နေ့တာပင်ပန်းမှုတွေကို အိပ်စက်အနားယူရာ နေရာတစ်ခုပါ။ ခေါင်းအုံးအမျိုးအစားပေါ်မူတည်ပြီး အိပ်စက်ရတဲ့အခြေအနေချင်းကလည်းကွာခြားသလို အကောင်းစားခေါင်းအုံးတွေ ဝယ်သုံးပေမယ့် ခေါင်းအုံးသန့်ရှင်းရေးသေချာမလုပ်ဘူးဆိုရင်တော့ အသားအရေနဲ့ ဆံသားကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေနိုင်တဲ့အပြင် အိပ်စက်ခြင်းကိုလည်း ထိခိုက်စေနိုင်ပါတယ်။

ခေါင်းအုံးစွပ်ကို တစ်ပတ်တစ်ခါ လဲပေးဖို့လိုအပ်ပြီး ခေါင်းအုံးကို တစ်လတစ်ခါ နေပူပူမှာလှန်းပေးပြီး တစ်နှစ်ကြာရင် ခေါင်းအုံးအသစ်တစ်လုံး လဲလှယ်ပေးဖို့ လိုအပ်ပါတယ်။ ခေါင်းအုံးပေါ်မှာလိမ်းထားတဲ့ မိတ်ကပ်နဲ့ skin care အကြွင်းအကျန်တွေ ကပ်ညိပေကျန်ခြင်း၊ ဆံပင်၊ ဖုန်မှုန့်၊ မမြင်ရတဲ့ပိုးမွှားများ၊ ချွေးနဲ့ အဆီများ၊ ဆဲလ်သေနဲ့ အညစ်အကြေးတွေရှိတာကြောင့် သေချာသန့်ရှင်းရေးမလုပ်ဘူးဆိုရင် ဝက်ခြံနဲ့ အဆီဖုထွက်ခြင်း၊ အသားအရေပျက်စီးခြင်း၊ ဓာတ်မတည့်ယားယံခြင်း၊ ဆံပင်ကျွတ်ခြင်း၊ အိပ်ရေးပျက်ခြင်းတွေ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် နေ့စဉ်အိပ်စက်နေတဲ့ ခေါင်းအုံး သန့်ရှင်းရေးကို သေချာလေးဂရုစိုက်ဖို့ တိုက်တွန်းလိုက်ပါတယ်။

**Daisy**



# အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်များ ပြုလုပ်ပေးနေမှု ကွင်းဆင်းကြီးကြပ်



**ညောင်ဦး စက်တင်ဘာ ၁၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်းတွင် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၊ အသင်းဝင်ကုမ္ပဏီများမှ တင်သွင်းလာသော စားအုန်းဆီများအား တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များမှ အရောင်းကိုယ်စားလှယ်များထံ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းဖြင့်ဖြန့်ဝေပြီး ၎င်းတို့မှ တစ်ဆင့် ဈေးများနှင့် ရပ်ကွက်များရှိ လက်လီရောင်းချသူများထံ ဖြန့်ဝေပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရေး၊ အိမ်ထောင်စုအလိုက် ရောင်းချနိုင်ရေး၊ စားအုန်းဆီပြတ်လပ်မှု မရှိစေရေးအတွက် စက်တင်ဘာ ၉ ရက်က ညောင်ဦးမြို့နယ်ရှိ စားအုန်းဆီအရောင်းကိုယ်စားလှယ်ဆိုင်များတွင် ပြည်သူများ စားအုန်းဆီများကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဖြန့်ဖြူးရောင်းချရေး အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်များ ထုတ်ပေးနေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ဝဇ၅)**

# မြို့နယ်အဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲ မြို့နယ်တွင် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းဝန်းအတွင်း၌ ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် ဘောလုံးအသင်း အမျိုးသား၊ အမျိုးသမီး၊ ဘော်လီဘောအသင်း အမျိုးသား၊ အမျိုးသမီး၊ ကြက်တောင်ရိုက်အသင်း အမျိုးသား၊ အမျိုးသမီး၊ ပိုက်ကျော်ခြင်း၊ အမျိုးသား၊ စားပွဲတင် တင်းနစ်၊ ပြေးခုန်ပစ် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲများကို စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားပြီး မြို့နယ်အဆင့်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများက အောင်လံခရိုင်သို့ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

**(အောက်ပုံ)ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**





# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(မိုင်းကိုး)တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးလတ်က ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် အကျင့်စာရိတ္တကောင်းမွန်၍ လူမှုပတ်ဝန်းကျင်တွင် လိုက်လျောညီထွေနေတတ်စေရန်နှင့် လူငယ်ရေးရာ သိသင့်သိထိုက်သည့် ဗဟုသုတအကြောင်းအရာများကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်-၃ ဦးမြင့်သန်းက လူငယ်လူရွယ်များအနေဖြင့် အချိန်ကိုစနစ်တကျ စီမံခန့်ခွဲ၍ အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ပြင်ပဗဟုသုတများရရှိစေရန် စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် စာဖတ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းသူက ပလတ်စတစ်ကို ကမ္ဘာတစ်ဝန်း အလွယ်တကူ အများအပြားထုတ်လုပ်သုံးစွဲနေကြပြီး စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်မှုမရှိခြင်းတို့ကြောင့် ပလတ်စတစ်များ မြစ်၊ ချောင်း၊ အင်း၊ အိုင်များသို့ ရောက်ရှိကာ ရေထုညစ်ညမ်းခြင်း၊ မီးရှို့ဖျက်ဆီးမှုကြောင့် လေထုညစ်ညမ်းခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်ကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချနိုင်မည့်နည်းလမ်းများအားလည်းကောင်း အသီးသီး ဟောပြောကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။ **(မြို့နယ်-ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# နာကြားပူဇော် ပါချုပ်ဆရာတော်

* ဗုဒ္ဓဟောကြား ...
တရားဓမ္မ ၊ နာမဝအောင်
ပိဋကတ်လာ ၊ အတိုင်းသာလျှင်
ဟောလာငြိမ့်ငြိမ့် ၊ တသိမ့်သိမ့်နှင့်
ဖိန့်ဖိန့်ရင်မှာ ၊ လိုက်ခတ်ပါမို့
ဆရာတော်သျှင် ၊ ဦးတော်တင်လို့
မျက်မြင်ဒိဋ္ဌ ၊ ဖူးတွေ့ရလို့
ဆန္ဒပိုသည် ...
နေ့ကိုလစား ... ကြာခဲ့ပြီ
နှစ်ကာလများ လွန်တာရှည် ။

* သည်လိုနှင့်ပင် ...
ကြုံချင်တော့လည်း ၊ ယုံခက်ခဲတည့်
မစွဲစိတ်မှာ ၊ ရှိစဉ်ခါမှ ...
ကြုံလာလိမ့်နိုး ၊ မမျှော်ကိုးမှ ...
ရှိခိုးကော်ရော် ၊ ဖူးပူဇော်လို့
ခြေတော်ဦးတင် ၊ အမှတ်ထင်ထင်
မျက်မြင်ဒိဋ္ဌ ၊ ဖူးခွင့်ရသည် ...
ဓမ္မဂုဏ်ရည်လို့ ယုံကြည်
ဘဝရေစက် ၊ ဆန်းလှသည်
ဓမ္မထုံမွှမ်း သင်းပျံ့ကြည် ။

* သြော် ...
တမင်ဦးတည် ...
ရည်ရွယ်စိတ်မှာ ၊ မရှိပါချိန် ...
မျှော်ကာတောင့်တ ၊ ခဝါချချိန် ...
ကြုံရခုနယ် ၊ အံ့စဖွယ်မို့
ဖူးမယ်စိတ်ကူး ၊ ရှိခဲ့ဖူးလည်း
ထူးကဲဆင်ယင် ၊ ပွဲသဘင်မှာ ...
အမြင်တင့်တယ် ၊ ဗိုလ်ပုံလယ်မှာ ...
သည်နယ်ဦးချ ၊ သည်ခဏကို
ဘဝပေ့တွင် ၊ မှတ်တမ်းတင်သည် ...
မြင်ကြားသူများ ၊ ကုသိုလ်တော်
အမျှတူမျှ ၊ ရစေသောဝ် ။ ။

**မြတ်ထွဏ်းနောင်**

## သတင်းပစ္စယာ

### စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေးနယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက်အတွင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေးဟောပြောပွဲ ကျင်းပ

ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အစည်းအဝေး ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီအချိန်က ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်တွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် ကွန်ဟိန်းမြို့၊ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ယမန်နေ့နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ပြီး အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ခရိုင်အဆင့်နည်းပြနှင့် မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ရက် မွန်းလွဲ ၁ နာရီက ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာစီစာကုံးနှင့် ကဗျာအလွတ်ရေးပြိုင်ပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အခြေခံပညာဦးစီးဌာန စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ကဗျာအလွတ်ရေးပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးတွင် ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ် မီးသတ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက အဆိုပါရုံးတွင် ကျင်းပခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## မနော်ရမ္မံအားကစားအဖွဲ့က စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း(၈၀)ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ဦးစီး၍ ဧကဒသမအကြိမ်၊ အဌမအပတ်၊ စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာလ ၁၀ ရက် နံနက် ၆နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် သံဃာတော်များအား ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့နှင့်အတူ မန္တလေးမြို့ ၆၂ လမ်း၊ မနော်ရမ္မံအားကစားအဖွဲ့က ဆွမ်း၊ ဆွမ်းဟင်း၊ အရန်ဆွမ်းဟင်းများလောင်းလှူကြပြီး အမျိုးသမီးအဖွဲ့ဝင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများလောင်းလှူကြသည်။

အဆိုပါ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းအနေဖြင့် ယခုဥပုသ်နေ့တွင် အနောက်ထီးလင်းကျောင်းတိုက်နှင့်ဝွေးချိကျောင်းတိုက်တို့မှ သံဃာတော် ၁၂၅ ပါးစီ စုစုပေါင်းအပါး ၂၅၀တို့အား ပင့်ဖိတ်၍ ဧကဒသမအကြိမ်၊ အဌမအပတ်အဖြစ် စုပေါင်းဘုံဆွမ်းလောင်းလှူကြကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**





## အရန်မီးသတ်တပ်ဖွဲ့နှင့်အလှူရှင်များက (၁၆၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၈လမ်းနှင့် ၉ လမ်းကြားရှိ ညောင်ကွဲရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်(ခ)ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်း၊ သံဃာအပါး ၁၄၅ ပါးကျော်အား ဆွမ်း၊ ကြက်သားအာလူး၊ ကုလားပဲချက်၊ ငါးလေးခြောက်၊ ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်စသည့် ဆွမ်း၊ ဆွမ်းဟင်းများဖြင့် (၁၆၈)အကြိမ်မြောက်အဖြစ် ဘုံဆွမ်းလောင်းလှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံသို့ ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၀**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေးမြို့၊ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် ဖခင်ကြီးဦးဖိုးတင့်+မိခင်ကြီး ဒေါ်စိန်နှင့်(သား)တင်မောင်ဦးတို့အား ရည်စူး၍ အဖွား ဒေါ်တင်အေး(မန်းဘိုးဘွားရိပ်သာ)က ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သာဓုအနုမောဒနာ ခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့်အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅ လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင်လည်းကောင်း၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂နှင့်ဆက်သွယ်၍လည်းကောင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ကဆ)**






## သက်ကြီးဆရာဝန်ကြီးများထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့၊ ကျန်းမာရေးစစ်ဆေးပေး

**မန္တလေး စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက် စက်တင်ဘာ ၉ ရက်က နံနက်ပိုင်းက ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာဒေါ်မိုးမိုးခိုင်နှင့်အထွေထွေရောဂါကုဆရာဝန်ကြီးဒေါက်တာဒေါ်အာရှာမီရာတို့အား မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအောင်မင်းနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်သန်းတို့က နေအိမ်များသို့ သွားရောက်၍ ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီး ကျန်းမာရေး မေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီး ဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် MedicalCheckUp ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(၀၄၅)**

## ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူငွေပေးအပ် လှူဒါန်း

**သရက် စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြည်သူ့ဆေးရုံကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူငွေ သုံးသိန်းကျပ် ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် ဦးညိုဦးမောင်၏ (၄၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်သုံးသိန်းကို အလှူရှင်မိသားစုက ပေးအပ်လှူဒါန်းရာ ခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာညွန့်ရွှေအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



# ရွှေမြို့တော်ခါတ်တံခါး မှတ်သားလို့ လွမ်းမိသည်

လွန်ခဲ့သော လကွယ်နေ့ မွန်းလွဲအချိန်က ဖြစ်၏။ အဘိုးတို့စုဝေးရာဖြစ်သော ရွှေမြို့တော် မြောက်ဘက် ကျောက်တော်ကြီး ဘုရားတောင်ဘက် သုခမ္မာဇရပ်ထဲသို့ ရောက်ခဲ့ပြန်၏။ အဘိုးအို လေး၊ ငါး၊ ခြောက်ဦးတို့သည် ဝိုင်းဖွဲ့၍ ထိုင်နေကြပြီဖြစ်၏။ အဘိုးအိုတစ်ဦးက စကားကို စတင်ဆိုလိုက်၏။

'သည်မှာ ကိုရင်ဖိုးမှိုင်းရဲ့၊ ပန်းပဲမင်းကြီး ဦးမှိုဟာသည် မန္တလေး ရွှေမြို့တော်ကြီး မတည်ဆောက်မီတုန်းက တည်ဆောက်ခဲ့တဲ့ အလုပ်တွေကလည်း အများကြီးပဲ မင်းတုန်းမင်းကြီး ရွှေဘိုမှာ မင်းတည်တုန်းက ပန်းပဲမင်းကြီး ဦးမှိုဟာ ကန်ကြီးခြောက်ကန် တူးဖော်ခဲ့ရတယ်။ အဲဒီကန်ကြီးတွေကတော့ (၁) မဟာနန္ဒာကန်၊ (၂) ယင်းမာကန်၊ (၃) ကြိုးကြာကန်၊ (၄) ဆင်းကွပ်ကန်၊ (၅) ပလိုင်ကန်နဲ့၊ (၆) ကတူးကန်တို့ပဲပေါ့'။

'ပြီးတော့ တံတားဦးက ပျူကန်နဲ့ ရွှေမြို့တော်အရှေ့ဘက်က အောင်ပင်လယ်ကန်တို့ကိုလည်း တူးဖော်ပြုပြင်ခဲ့ရတယ်မဟုတ်လား ကိုရင် ကြွယ်ပင်ရဲ့'။

'ဟုတ်တယ်လေ ကိုရင်ဖိုးမှိုင်းရဲ့၊ ရွှေဘိုမင်းလက်ထက်တုန်းက အမရပူရအရှေ့ဘက် ဓောင်းကလောကန်အနီးက လောကမုနိစုဋ္ဌာ စေတီတော်ကြီးနဲ့ အရံစေတီများ၊ သာယာဝတီမင်းလက်ထက် မန္တလေးအနောက်မျက်နှာက ချမ်းသာရမြတ်စွာဘုရား၊ ပုဂံမင်းလက်ထက် အမရပူရမြို့အနောက်မျက်နှာက ဗားကရာကျောင်းတိုက်ကြီးထဲက မဟာဝေယံဘုံသာစံကျောင်းတော်ကြီးနဲ့ မုခ်ဦးများ၊ မန္တလေးမြို့အနောက်မျက်နှာက မဟာလောကရံသီ အိမ်တော်ရာဘုရား၊ မန္တလေးမြို့ ၈၃လမ်းနှင့်၈၄လမ်းကြား၊ လမ်း ၃၀ ပေါ်က လမ်းလယ်ဘုရားတို့ကိုလည်း ပန်းပဲမင်းကြီး ဦးမှိုဟာက ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ပါတယ်'။

'ပြီးတော့ ရှိသေးတယ်။ အမရပူရမြို့ တောင်သမန်အင်းအနီးမှာ ပုဂံအာနန္ဒာပုံစံမျိုးနဲ့ မဟာလောကရံသီ ကျောက်တော်ကြီးဘုရားကို ပန်းပဲမင်းကြီး ဦးမှိုဟာ တစ်နှစ်ထဲနဲ့ အပြီးတည်ဆောက်ခဲ့တယ်။ အခုပြောခဲ့တာတွေဟာ မန္တလေးရွှေမြို့တော်ကြီး မတည်ဆောက်ခင် ပန်းပဲမင်းကြီး ဦးမှိုဟာ ပါဝင်တည်ဆောက်ခဲ့တဲ့ အကြောင်းတွေပဲပေါ့'။

'ကိုင်း ကိုရင် ရာပျံရေ၊ မန္တလေးရွှေမြို့တော်ကြီးတည်ဆောက်တဲ့အခါ တိုင်းပုံ၊ ထွာပုံ၊ အကျဉ်းအကျယ် အနိမ့်အမြင့်တို့ကို ဆက်စမ်းပါဦး လေ'။

'ပန်ပဲမင်းကြီး ဦးမှိုရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို သာမန်လူတို့ လိုက်လို့ မမီဘူး။ ကိုရင် စိန်မြရဲ့။ ပထမ နန်းမြို့တော်ကြီး တိုင်းထွာတာကိုပဲ ကြည့်စမ်းဗျာ။ ခြေထောက်ကို စုံရပ်လိုက်တယ်။ ပြီးတော့ ညာဘက်ခြေထောက်ကို ဘယ်ဘက်ခြေထောက်ခြေမရဲ့ထိပ်မှာ ကန့်လန့်ခြေချလိုက်တယ်။ ပြီးတော့ ညာဘက်ခြေထောက်ခြေသန်းနဲ့ ဘယ်ဘက်ခြေထောက်ခြေဖနောင့်နဲ့ထိပြီး အတည့်ရပ်လိုက်တယ်။ ပြီးတော့ ဘယ်ဘက်ခြေထောက်ခြေမနဲ့ ညာဘက်ခြေထောက်ခြေဖနောင့်ထိပြီး ရပ်လိုက်တယ်။ ဒီလိုနဲ့ပဲ ညာဘက်ခြေထောက်တစ်လှည့် ဘယ်ဘက်ခြေထောက်ရပ်လိုက်ပြန်တယ်။ ဘယ်ဘက်တစ်လှည့် ညာဘက်တစ်လှည့် ခြေမနဲ့ ခြေဖနောင့် ထိထိပြီး အလှည့်ကျ ရပ်သွားတာကို ဖဝါးတိုင်းတယ်လို့ ခေါ်တယ်။ ဒီလိုနဲ့ပဲ ပန်းပဲမင်းကြီးဟာ သူ့ဖဝါးအရေအတွက်ပြည့်တာနဲ့ ဒီနေရာမှာ ပြအိုးတစ်အိုးချမှတ်ကြ။ ဒီလိုနဲ့ ဆက်ပြီး ဖဝါးတိုင်းတယ်။ သူတိုင်းတဲ့ ဖဝါးအရေအတွက်ပြည့်တဲ့နေရာတိုင်းမှ ပြအိုးလေးတွေ ချချပြီး မှတ်ကြရတယ်။ ဒီနေ့ခေတ်စကားနဲ့ပြောရရင် ပေကြိုးနဲ့တိုင်း လိုချင်တဲ့ပေအရေအတွက် ရတဲ့နေရာမှာ သစ်သားတိုင်တွေရိုက်ပြီး မှတ်ကြသလို ပဲပေါ့'။

'အခုရှိနေတဲ့ ရွှေမြို့တော်ကြီးရဲ့ တစ်ပြမှာ လမ်းတစ်လမ်းဖောက်တယ် ပန်းပဲမင်းကြီးရဲ့ ပြလမ်းတွေဟာ လေးထောင့်စပ်စပ်တွေကြီးပဲ ကျဉ်းတာ၊ ကျယ်တာဆိုတာ မရှိဘူး။ မြန်မာတစ်နိုင်ငံလုံး လိုက်ကြည့်ကြစမ်းပါ။ မန္တလေးမြို့လို ပြအိုး၊ ပြကွက် လေးထောင့်ညီတဲ့မြို့ဟာ ဘယ်မှာမှ မရှိပါဘူး'။

'ဒီရွှေမြို့တော်ကြီးရဲ့အကျယ်ဟာ တစ်ဖက်တစ်ဖက် တာပေါင်း ၆၀၀ ရှိတယ်။ လေးဖက်ဆိုတော့ တာပေါင်း ၂၄၀၀ ရှိတယ်။ ဒီခေတ်အခေါ် မိုင်တိုင်အမှတ်နဲ့ ပြောရမယ်ဆိုရင် တာ ၆၀၀ ဆိုတော့ ၁ မိုင် ၂ ဖာလုံ ၅၅ ကိုက်ရှိတယ်။ လေးဖက်ပေါင်းတော့ မိုင်ပေါင်း ၅ မိုင် ၁ ဖာလုံပေါ့'။

'အုတ်မြို့ရိုးကြီးက အထူ ၁၀ ပေရှိတယ်။ အမြင့် ၂၇ ပေရှိတယ်လို့ ဆိုထားတယ်။ ကိုရင် ကြွက်ချီးရဲ့'။

'ပန်းပဲမင်းကြီး ဦးမှိုဟာ အတ္တနောမတိလို့ ခေါ်တဲ့ ကိုယ့်စိတ်ကူးနဲ့ကိုယ် ကျမ်းလွတ်ပေလွတ် တည်ဆောက်ခဲ့တာ မဟုတ်ဘူး။ ဆရာ့ ဆရာကြီးတွေရဲ့ အစဉ်အဆက် ယုံကြည်အားကိုး မှတ်သားခဲ့တဲ့ စာနဲ့ပေနဲ့အညီ တည်ဆောက်ခဲ့တာပါ။ ဒါကြောင့်လည်း ရွှေမြို့တော်ကြီးမှာ ခါတ်တွေ နံတွေ နံမိတ်တွေ ညီညွတ်နေတာပဲလို့ ဆိုရမယ် ထင်ပါတယ်'။

'ဒီလိုတော့ ရှိသေးတယ် ကိုရင်ဖိုးမှိုင်းရဲ့။ ဗုဒ္ဓရဲ့အနတ္တကို မလွန်ဆန်နိုင်တဲ့ ရွှေမြို့တော်ကြီးဟာ အင်္ဂလိပ်၊ ဂျပန်တို့ရဲ့ စစ်မီးလျှံအတွင်းမှာ ရွှေမှန်ကင်းအစစ်က မြေပျံထင်း ဖြစ်ခဲ့ရတယ်မဟုတ်လား။ အဲဒီတော့ ပန်းပဲမင်းကြီး ဦးမှိုရဲ့ စီမံမှု ခါတ်တွေ နံတွေ နံမိတ်တွေဟာလည်း ပျက်စီးသွားကြရပြီပေါ့ အကျဉ်းပြောရရင် ခါတ်ပျက်သွားပြီပေါ့ ကိုရင် ဖိုးမှိုင်းရာ'။

'ဟိုတလောကတော့ စရေခါတ်ကြီးပျက်သွားတဲ့ စည်ရှည်တံခါးကြီးကို ပြန်ပြင်မယ်လို့ သဲ့သဲ့ကြားလိုက်ရတယ်။ ကိုကြီးကြောင်ရဲ့'။

'ကျန်တဲ့ ခါတ်တံခါးကြီးသုံးပေါက်ကတော့ အထင်အရှားပဲရှိတယ်။ အခုတော့ ပျောက်ကွယ်သွားတဲ့စည်ရှည်တံခါးကြီးကို ဖွင့်တော့မယ်၊ ပြင်တော့မယ်ဆိုတော့ ခါတ်ပျက်ကို ခါတ်ဆက်သွားပြီပေါ့ ကိုကြီးပိန်ရာ။ ကျန်တဲ့ အတွင်းမိတ်လေးပေါက် အပြင်မိတ်လေးပေါက်တို့ကိုလည်း ရှေးပန်းပဲမင်းကြီး ဦးမှိုရဲ့ ခါတ်သက်နဲ့အညီ ခါတ်ဆက်ပြီးဖွင့်ကြမယ်ဆိုရင်တော့ ရွှေမြို့တော်ကြီးဟာ တင့်တယ်ပြီပေါ့ဗျာ'။

'အခု ပြုပြင်စီမံဖွင့်လှစ်တော့မဲ့ စည်ရှည်တံခါးကြီးကို မလိုမုန်းထား ဖျက်လိုဖျက်ဆီးလုပ်ချင်ကြတဲ့ လူယုတ်မာတွေက အာဋ္ဌဝီတံခါးလို့တောင်ခေါ်လိုက်ကြသေးတယ်။ အာဋ္ဌဝီဆိုတဲ့ နာမည်ဟာ ဗုဒ္ဓဂေါတမလက်ထက်က ဘီလူးစားခံရတဲ့ ပြည်လို့ ပြောကြတာပဲ ဒါကိုအစွဲပြုပြီး ရွှေမြို့တော်ကြီး ပျက်စီးအောင် အာဋ္ဌဝီတံခါး အာဋ္ဌဝီတံတားလို့ မိုက်မိုက်ရိုင်းရိုင်း ခေါ်လိုက်ကြတယ်ဗျာ'။

'စည်ရှည်တံခါးရဲ့တောင်ဘက်က အတွင်းမိတ်နံဖြစ်တဲ့ ဆွေသားခါတ်နဲ့ နာမည်မှည့်ထားတဲ့ စည်သာတံခါးကိုလည်း မင်းညီမင်းသား မသာလောင်းတွေထုတ်တဲ့ အာဋ္ဌဝီတံခါးလို့ ဆိုကြပြန်သေးတယ်။ တချို့က မသာလောင်းကိုကြည့်ဖို့ စီမံထားတဲ့ ကြေးမုံတံခါးလို့တောင် စွပ်စွဲပြောဆိုကြပြန်သေးတယ်။ သူတို့ရဲ့ သဘောကတော့ မသာလောင်းကိုကြည့်ပါ ငါလဲတစ်နေ့ သေရမှာပဲဆိုတဲ့ စိတ်ပေါ်လာအောင် အကြည့်ခိုင်းတဲ့ မသာလောင်း ကြေးမုံပေါ့။ အံ့သြစရာတော့ တော်တော်ကောင်းတယ်။ ကိုကြီးထာကူးရယ်'။

'အင်း ပညာနုပ်နေး ဉာဏ်တရွေးဖြင့် ကြံတွေးဆပွားသောကများလိပ်ဆိုတဲ့ ရှေးပညာရှိကြီးတို့ရဲ့ အဆိုအမိန့်ကိုမှ သတိမထားကြဘဲကိုး။ သတိလက်လွတ် ငှက်တောင်ကျွတ်ဆိုတဲ့ အတိုင်း စည်သာတံခါးကြီးကို မသာထုတ်တဲ့ အာဋ္ဌဝီ၊ မရဏာနုတ်သတိစီးဖျန်းဖို့ ကြေးမုံတံခါးလို့ ခေါ်ကြပြန်တယ်ဗျာ'။

'ကိုကြီးကြာကိုင်ရေ။ ရွှေမြို့တော်ကြီးကို ပြင်ကြဆင်ကြတော့မယ်ဆိုရင် ပညာရှိ သတိဖြစ်ခဲဆိုတဲ့ စကားပုံလေးကို သတိရကြပြီး ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်နဲ့ ငါသိငါတတ်ချည်း လုပ်မနေကြဘဲ။ လုပ်စားတဲ့သူတွေမဖြစ်ကြဘဲ။ လုပ်မစားဘဲ၊ လုပ်ပေးတဲ့လူတွေ စုဝေးဖို့တော့ လိုမယ်ထင်တယ်။ ကိုကြီး လေဟူးရာ'။

အဘိုးတို့၏ စကားဝိုင်းသည် တိတ်ဆိတ်သွား၏။ လေးဘက်လေးတန်မော့ကြည့်ကြရာမှ ရွှေမြို့တော်ကြီးဆီသို့ အားလုံးမျက်နှာများ မူသွားကြ၏။

**မောင်လောက**

# အင်းဝဆင်ကျုံးခံတပ်သို့တစ်ခေါက်

မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် မင်းတုန်းမင်းကြီး လက်ထက်တွင် အိမ်ရှေ့စံကနောင်မင်း၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောမင်းကြီး ဦးဖိုးလှိုင်တို့၏ စီမံမှုဖြင့် အီတလီလူမျိုး ကွန်မိုတိုက ဦးဆောင်ကြီးကြပ်၍ ဆောက်လုပ်ခဲ့သည်။ဧရာဝတီမြစ်ကြောင်းမှ ဆန်တက်လာမည့် နယ်ချဲ့တို့အား ခုခံတိုက်ခိုက်ရန် ရတနာပုံနေပြည်တော်အနီး အင်းဝတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းတွင် အစေခံ ခံတပ်၊ အမရပူရတွင် သပြေတန်းခံတပ်ဟူ၍ သုံးပွင့်ဆိုင် တည်ဆောက်ထားခဲ့သည်။

ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်တို့ဆုံရာ အချက်အချာကျသော မြစ်ကြောင်းတွင် ခံတပ်(၃)တပ်ရှိသည့်အနက် အင်းဝရှိ ဆင်ကျုံးခံတပ်သည် တြိဂံပုံစံ၏ ထိပ်သဖွယ်တည်ရှိသည်။ မင်းလှနှင့် ဝွေးချောင်းခံတပ်များကို ကျော်လွန်လာလျှင် ဆင်ကျုံးခံတပ်သို့ ဦးစွာရောက်ရှိမည်ဖြစ်ပြီး ၎င်းနောက်မှ စစ်ကိုင်းအစေခံ ခံတပ်နှင့် သပြေတန်းခံတပ်များသို့ရောက်ရှိမည် ဖြစ်သည်။ဆင်ကျုံးခံတပ်သည် အင်းဝမြို့၏ အနောက်ဘက် ဆင်ကျုံးရွာအနီး ဧရာဝတီမြစ်၏ တောင်ဘက်တွင် တည်ရှိသည်။ ဆင်ရိုင်းများကို ကျော့ရာကျုံးကို ပြုပြင်ဆောက်လုပ်ထားသောကြောင့် ဆင်ကျုံးခံတပ်ဟုခေါ်ပြီး မင်းတုန်းမင်းတရားကြီး လက်ထက် ခရစ်သက္ကရာဇ် ၁၈၇၄ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။

အင်းဝဆင်ကျုံးခံတပ်၏ ပန္နက်ပုံသဏ္ဌာန်မှာ စတုရန်းပုံဖြစ်ပြီး အုတ်တံတိုင်းသုံးထပ်ရှိသည်။ ခံတပ်ပတ်လည်တွင် ကျုံးရှိပြီး အုတ်ရိုးများဖြင့် တည်ဆောက်ထားသည်။ အပြင်တံတိုင်းမှာတစ်ဖက်လျှင် ၃၅၅ ပေရှိပြီး၊ အလယ်တံတိုင်းမှာ တစ်ဖက်လျှင် ၂၉၂ ပေရှိသည်။ တံတိုင်းနှစ်ခုကြားတွင် ၃၁ ပေကျယ်သော ကျုံးရှိသည်။ခံတပ်အတွင်းသို့ဝင်ရောက်နိုင်ရန် အရှေ့ဘက်ကျုံးကိုဖြတ်၍ အလျား ၃၂ပေ အနံပေ ၂၀ ရှိသော တံတားကို ရက်မလျှိုကာ ဆောက်လုပ်ထားသည်။ ၎င်းအပေါက်ဝတွင် အလျား ၈၃ ပေ၊ အထူ ၄ ပေရှိသော အရှေ့အနောက်တန်းနေသော အုတ်တံတိုင်းရှိသည်။ကျုံး၏အတွင်းဘက်တွင် ၂၁၃ ပေရှည်လျားသော အုတ်တံတိုင်းရှိပြီး အပြင်ဘက်မှ မြေကြီးများဖြည့်ကာ ကတုတ်သဖွယ် ပြုလုပ်ထားသည်။ခံတပ်၏ မြောက်ဘက်အတွင်းဘက်တွင် သရဲပြေးပေါ်တွင် ဆုံလည်အမြောက်များ၊ စိန်ပြောင်းများ၊ သေနတ်များထားရှိရာ စက်ဝိုင်းပုံသဏ္ဌာန်အုတ်စီအဝိုင်းပေါက်များ ပြုလုပ်ထားသည်။ အတွင်းတွင် လက်နက်တိုက်နှင့် ယမ်းတိုက်ပါရှိသည်။

မြန်မာမျိုးချစ်တို့သည် အင်းဝဆင်ကျုံးခံတပ်အနီးတစ်ဝိုက်တွင် စည်းကြပ်၍ ရဲရဲဝံ့ဝံ့ ကြံ့ကြံ့ခံကာ နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့သည်။ အင်းဝဆင်ကျုံးခံတပ်ကို သမိုင်းဝင်အဆောက်အအုံများအဖြစ် သတ်မှတ်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိရာ လာရောက်လေ့လာနိုင်ကြောင်း ဖိတ်ခေါ်လိုက်ရသည်။ **(မောင်ပြည်သူ)**



# နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ



**ကျိုင်းတုံ စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်အဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက်တွင် ကျိုင်းတုံမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စေတနာပန်းတို့လန်းရာမြေသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အတွက် ယူနက်(စ်)စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကျိုင်းတုံခရိုင် ပညာရေးမှူးက ဖတ်ကြားသည်။ **(ဝဲပုံ)**

ထို့နောက် စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း VideoClip ကို အခမ်းအနား တက်ရောက်လာကြသူများအား ပြသပြီး ကျောင်းသား၊ ကျောင်းသူများက စာတတ်မြောက်ရေး ပိုးကူပေးသီချင်း ဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါး ဧက ၃၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးအပြင် သီးနှံမျိုးစုံစိုက်ပျိုးကြရာ မိုးစပါး ဧက ၃၄၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးစပါးစိုက်ပျိုးဖို့ ၃၄၀၉၇ ဧက လျာထားပြီး ၃၄၀၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေကို သွင်းအားစုပစ္စည်းများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ယူရီးယားဓာတ်မြေသြဇာများ ရောင်းချပေးပြီးဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကပန်းတိုင်အထွက် ရရှိရေးအတွက် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ်ပြီး အချိန်ကိုက်သုံးစွဲရေး၊ ပေါင်းမြက်ကင်းစင်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက် ရှိသည်။

ကျွန်းလှမြို့နယ်တွင် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း စပါးမျိုးများ စိုက်ပျိုးကြကြောင်း၊ ယခင်နှစ် ၃၄၀၉၃ ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ် မိုးစပါး ၃၄၀၉၈ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)(၄၈၀)**

*-*-*-*-*

# ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)စီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် သမန်းရင်းကျေးရွာအုပ်စု၊ သမုန်းကုန်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ သမုန်းကုန်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအတွက် လိုအပ်သည့် နည်းပညာများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

သမုန်းကုန်းကျေးရွာ၌ အရှည်ပေ ၄၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁ သန်း၊ စုစုပေါင်း ငွေကျပ် ၁၆ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ယခုနှစ် ဩဂုတ် ၁၄ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(ယာပုံ)**

**(၄၄၅)**



# ချည်မျှင်ရှည်ဝါများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**တံတားဦး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိက အားထားလုပ်ကိုင်သူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သီးနှံများကို စိုက်ပျိုးကြသည်။ ယခုနှစ်တွင် တံတားဦးမြို့နယ်၌ ချည်မျှင်ရှည်ဝါ ၈၂၉ ဧကကို စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ယခုနှစ်အတွက် ချည်မျှင်ရှည်ဝါများကို ဒေသနှင့်ကိုက်ညီသော ဝါမျိုးများကို ရွေးချယ်စိုက်ပျိုးခဲ့ကြရာ ယခုအချိန်တွင် အပင်သက်တမ်း ၃ လသားကျော်အရွယ်သို့ ရောက်ရှိခဲ့ပြီး အပွင့်များ၊ အဖူးများပွင့်ကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

တံတားဦးမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးရေးဦးစီးဌာနမှ B-31 ဝါမျိုး ၆၇ဧက၊ Raka ဝါမျိုး ၁၀၀ ဧကနှင့် ရွှေတောင် ၁၀ ဝါမျိုး ၆၆၂ ဧက စိုက်ပျိုးထားကြောင်း ဝါစိုက်ပျိုးရာတွင် တစ်ဧကအတွက် မျိုးစေ့၊ ထွန်ယက်ခ၊ လုပ်အားခနှင့် ဆေးအသုံးပြုကုန်ကျစရိတ် အပါအဝင် စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၂၅၀၀၀၀ နီးပါးရှိကြောင်း စိုက်ပျိုးပြီး အပင်သက်တမ်း ၄ လ အကြာတွင် (မကြာမီ)စတင်ကောက်ယူရရှိတော့မည်ဖြစ်ပြီး အနည်းဆုံး ၅ ကြိမ်မှ ၇ ကြိမ်အထိ ကောက်ယူနိုင်ပါကြောင်း၊ B-31 ဝါ နှင့် Raka ဝါတို့အနေဖြင့် တစ်ဧကလျှင် ဝါပိဿာချိန်ပျမ်းမျှ ပိဿာချိန် ၇၀၀ ကျော်ထွက်ရှိပြီး ရွှေတောင် ၁၀ ဝါအနေဖြင့် တစ်ဧကလျှင် ဝါပိဿာချိန်ပျမ်းမျှ ပိဿာချိန် ၅၀၀ ကျော်အကြားအထိ ထွက်ရှိနိုင်ပါကြောင်း ယမန်နှစ် ဝါတစ်ပိဿာအနည်းဆုံး ငွေကျပ် ၁၅၀၀မှ အမြင့်ဆုံး ငွေကျပ် ၃၉၀၀ အထိ ရောင်းချခဲ့ရပါကြောင်း ယခုနှစ်လည်း ဝါဈေးကောင်းရရှိရန်အတွက်လည်း မျှော်လင့်လျက်ရှိကြောင်း ဝါစိုက်တောင်သူ ငါးဇင်ရိုင်ကျေးရွာ တောင်သူတစ်ဦးထံမှ သိရသည်။

**(အောက်ပုံ)(၄၀၉)**



# စားအုန်းဆီများ ပြည်သူများထံသို့ ရောင်းချပေး



**ကျောက်ဆည် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ စားသုံးဆီ အခက်အခဲမရှိစေရေး နိုင်ငံအတွင်း စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့ပူးပေါင်း၍ ရည်ညွှန်းဈေးဖြင့် ဝယ်ယူ၍ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၁၇၅ ဖြင့် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကျေးရွာ သုံးရွာတွင် ဆီပိဿာချိန် ၁၁၀၀ ပိဿာ ရောင်းချပေးလျက်ရှိသည်။

ယခုရောင်းချလျက်ရှိသော စားအုန်းဆီများကို ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ Resources Group Trading Co,Ltd ထံမှ ရည်ညွှန်းဈေး တစ်ပိဿာငွေကျပ် ၆၃၇၅ ဖြင့် ဝယ်ယူထားသော စားအုန်းဆီများဖြစ်ကြောင်းနှင့် စားအုန်းဆီများ ရောင်းချရာတွင် ပြည်သူများ အခက်အခဲမရှိစေရေးနှင့် အိမ်ထောင်စုတိုင်း ဝယ်ယူနိုင်ရေး ရောင်းချမည့် ကျေးရွာပြည်သူများထံသို့ ဆီဝယ်ယူခွင့်ကတ်ပြားများကို ကြိုတင်ပေးထားပြီး စားအုန်းဆီများ ရောင်းချပေးလျက်ရှိကြောင်းနှင့် ဒေါ်စန်းစန်းငွေ ပိုင်ဆိုင်သည့် နေလသုခဆီအရောင်းဆိုင်မှ အောင်ချမ်းသာကျေးရွာနှင့် သာစည်လေးကျေးရွာ ပြည်သူများအတွက် ဆီပိဿာချိန် ၈၈၀ ပိဿာ၊ ဦးတင်အောင်လင်း ပိုင်ဆိုင်သော အမေထွားဆီအရောင်းဆိုင်မှ ရေပြစ်ကြီးကျေးရွာ ပြည်သူများအတွက် ဆီပိဿာချိန် ၂၂ ပိဿာတို့အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(၄၈၅)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ  လျန်ယွင်ကန်မြို့၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ပြီး ယနေ့တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့သို့ ရောက်ရှိရာ ယူနန်ပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး မစ္စတာလီလီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကွမ်ကျိုးမြို့မှ တစ်ဆင့် လျန်ယွင်ကန်မြို့သို့ ရောက်ရှိပြီး ဟိုင်ကျိုး (Haizhou) Bayview Conference Center ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားနှင့် ဖိုရမ်သို့တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ကာလရှည်ကြာ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကို ဖြစ်ပေါ်စေသော ရာဇဝတ်ဂိုဏ်းအုပ်စုများအား နိုင်ငံပေါင်းစုံ ပူးပေါင်းတိုက်ဖျက်ရေး၊ လူမှုဘဝတည်ငြိမ်ရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ် ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးနယ်ပယ်တွင် လက်တွေ့ဆန်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို အတူတကွတိုက်ဖျက်ရေးတို့ကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန ထူထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် တရုတ်ယွမ်ငါးသန်း တန်ဖိုးရှိ ရဲလုပ်ငန်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ အကူအညီပေးရေး စာလွှာတို့ကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် လျန်ယွင်ကန်မြို့ရှိ ရဲလုပ်ငန်းခွင်ဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းပညာပြပွဲသို့ သွားရောက်လေ့လာကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာန နှစ်ခုအကြား ပူးပေါင်း ဆောင်ရွက်မှုများအပေါ် အပြုသဘောဆောင်သည့် ရလဒ်များကိုရရှိခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ဆွေးနွေးပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ လျန်ယွင်ကန်မြို့ရှိ ရဲလုပ်ငန်းခွင်ဆိုင်ရာပစ္စည်းကိရိယာများနှင့် နည်းပညာပြပွဲသို့ သွားရောက်လေ့လာကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ဇော်ဂျီမြစ်ရေတက်နိုင်သည့်အတွက် ကျောက်ဆည်မြို့ပေါ် အနိမ့်ပိုင်းရပ်ကွက် ငါးခု ရေဝင်ရောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရာဂိမုန်တိုင်းအရှိန်ကြောင့် ဇော်ဂျီမြစ်အထက်ပိုင်း ဧရိယာများတွင် မိုးရွာသွန်းမှု များပြားလျက်ရှိပြီး ယနေ့ခန့်မှန်းမှုအရ ညနေ ၄ နာရီခန့်တွင် ဇော်ဂျီမြစ်ရေတက်နိုင်သည့်အတွက် ကျောက်ဆည်မြို့ပေါ် ရပ်ကွက် ၁၁ ခုအနက် အနိမ့်ပိုင်းရပ်ကွက် ငါးခုတွင် ရေဝင်ရောက်နိုင်ကြောင်း မြို့တွင်းပြည်သူများအား အသိပေးခြင်း၊ လှည့်လည်ကြေညာခြင်းများကို မွန်းလွဲ ၁ နာရီမှစ၍ ဆက်တိုက်ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာဌာနများမှ ရေဝင်ရောက်မှုကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်စောင့်ကြည့်လျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းတို့ကို ခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(အာရှဇုန်) NGB

| | | | | |
|---|---|---|---|---|
| မြောက်ကိုရီးယား | ၂ | - | ၂ | ကာတာ |
| တရုတ် | ၁ | - | ၂ | ဆော်ဒီအာရေဗျ |
| အင်ဒိုနီးရှား | ၀ | - | ၀ | ဩစတြေးလျ |
| ကာဂျစ်စတန် | ၂ | - | ၃ | ဥဇဘက်ကစ္စတန် |
| ပါလက်စတိုင်း | ၁ | - | ၃ | ဂျော်ဒန် |
| အိုမန် | ၁ | - | ၃ | တောင်ကိုရီးယား |